# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၁၀ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၂၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်

**နေပြည်တော် မေ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်သည့် ၁၉၄၁ - ၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတကာမှ စစ်ရေးပြတပ်ဖွဲ့ဝင်များ ပါဝင်သည့် စစ်ရေးပြတပ်ဖွဲ့များက စစ်သေနာပတိချုပ်အား လမ်းလျှောက်ချီတတ် အလေးပြုမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပသည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာစဉ်။

◆ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ အကြီးအကဲများနှင့်အတူ ကရင်မလင်နန်းတော်ရှိ Senate Place သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား ကြည့်ရှုမည့် စင်မြင့်သို့ ရောက်ရှိကြသည်။

**အချက်ပေးခေါင်းလောင်းထိုး**

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ် Army General Oleg Salukov ရောက်ရှိနေရာယူပြီး ကရင်မလင်နန်းတော် မျှော်စင်ရှိ နာရီစင်မှ ၁၀ နာရီ အချက်ပေးခေါင်းလောင်းထိုးသည်။ ယင်းနောက် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံတော်အလံနှင့် ရုရှားအောင်ပွဲနေ့ အထိမ်းအမှတ်အလံတော်တို့အား အလေးပြုခြင်းကို ဆောင်ရွက်ကြသည်။




နိုင်ငံတကာမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် လေတပ်မှ တပ်ဖွဲ့ဝင်များက လေယာဉ်များဖြင့် ပျံသန်းအလေးပြုမှုကို ကြည့်ရှုအားပေးစဉ်။

**တစ်မိနစ်ငြိမ်သက်**

ဆက်လက်၍ ရုရှားကာကွယ်ရေးဝန်ကြီး Mr. Andrei Ramovich Belousov ရောက်ရှိပြီး အလေးပြုခြင်းကိုခံယူကာ စစ်ရေးပြတပ်ဖွဲ့အသီးသီးအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားရာ စစ်ရေးပြတပ်ဖွဲ့များမှ (Oora) (အောင်ပြီ) ဟု သုံးကြိမ် ကြွေးကြော်ကြသည်။ ထို့နောက် မဟာမျိုးချစ်စစ်ပွဲအတွင်း ကျဆုံးခဲ့သည့် သူရဲကောင်းများနှင့် ရုရှားနိုင်ငံအတွက် အသက်စွန့်ခဲ့ကြသည့် သူရဲကောင်းများအား အောက်မေ့ဖွယ်ဂုဏ်ပြုသောအားဖြင့် တစ်မိနစ်ခန့် ငြိမ်သက်ကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စစ်သေနာပတိချုပ် H.E. Mr.Vladimir Vladimirovich Putin က မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် ဂုဏ်ပြုမိန့်ခွန်းပြောကြားသည်။ မိန့်ခွန်းပြောကြားပြီး စစ်ရေးပြတပ်ဖွဲ့များက (Oora) ဟု သုံးကြိမ် ကြွေးကြော်ကြပြီး စစ်တီးဝိုင်းတပ်ဖွဲ့က ရုရှားနိုင်ငံတော်သီချင်း တီးမှုတ်ခြင်းနှင့်အမြောက်များ ပစ်ဖောက်ဂုဏ်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

**လမ်းလျှောက်ချီတက်အလေးပြု**

ဆက်လက်၍ ရုရှားတပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သည့် နိုင်ငံတကာမှ စစ်ရေးပြတပ်ဖွဲ့ဝင်များပါဝင်သည့် စစ်ရေးပြတပ်ဖွဲ့များက စစ်သေနာပတိချုပ်အား လမ်းလျှောက်ချီတက်အလေးပြုကြသည်။ ထို့နောက် တင့်၊ သံချပ်ကာ၊ အမြောက်၊ လေကြောင်းရန်၊ မဟာဗျူဟာမြောက်တိုက်ချင်းပစ်ဒုံးတပ်ဖွဲ့ စသည့်ယန္တရားတပ်ဖွဲ့များက ချီတက်အလေးပြု၍ လေတပ်မှ လေယာဉ်များဖြင့် ပျံသန်းအလေးပြုကြသည်။ ယင်းနောက် စစ်တီးဝိုင်းတပ်ဖွဲ့က ရုရှားအောင်ပွဲနေ့ အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းအား သီဆို၍ ပြန်လည်ထွက်ခွာသည်။

အခမ်းအနားအပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စစ်သေနာပတိချုပ် H.E. Mr. Vladimir Vladimirovich Putin က *စာမျက်နှာ ၄ သို့*







ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတကာမှ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နိုင်ငံတကာစစ်ရေးပြတပ်ဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များအား နှုတ်ဆက်သည်။

**လက်ပြနှုတ်ဆက်**

စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှအကြီးအကဲများ၊ တာဝန်ရှိသူများသည် ကရင်မလင် မြို့ရိုးအနီးရှိ အညတရစစ်သည်ဂူဗိမာန်သို့ သွားရောက်ကြပြီး မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ် (၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ပြနှုတ်ဆက်ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်နှင့်အတူ ကရင်မလင်နန်းမြို့ရိုးအနီးရှိ အညတရ စစ်သည်ဂူဗိမာန်သို့ ရောက်ရှိကြပြီး ပန်းစည်းချအလေးပြုကြသည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများသည် ကရင်မလင်နန်းတော်ရှိ သမ္မတပူတင်၏ ရုံးအဆောက်အအုံသို့ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ ဗလာဒီမာပူတင်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်စဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် နိုင်ငံတကာမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာများကို အပြန်အလှန်ဆွေးနွေးဆောင်ရွက်ခဲ့သည်။

**ပထမဦးဆုံးအကြိမ် ပါဝင်ချီတက်**

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ဖက်ဆစ်နာဇီ ဂျာမနီတို့၏ ကျူးကျော်မှုကို ခုခံတွန်းလှန်ရန် ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအား ပါဝင်ဆင်နွှဲခဲ့ရကြောင်း၊ ထိုသို့ ပါဝင်ဆင်နွှဲပြီးနောက် ၁၉၄၅ ခုနှစ် မေလ ၈ ရက် နံနက်ပိုင်းတွင် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ပြုလုပ်သည့် နာဇီဂျာမနီတို့၏ လက်နက်ချကြောင်းသဘောတူစာချုပ် (German Instrument of Surrender) ကို ချုပ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် ဒုတိယကမ္ဘာစစ်ကြီးသည် အပြီးတိုင် ချုပ်ငြိမ်းသွားခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ် မေလ ၉ ရက် နံနက် ၂ နာရီခန့်တွင် ဆိုဗီယက်ပြည်ထောင်စုတွင် နေထိုင်ကြသောပြည်သူများသည် နာဇီဂျာမနီတို့၏ စစ်ရှုံးမှုကို သိရှိခဲ့ကြပြီး ယင်းနေ့ညနေပိုင်းတွင် မော်စကိုရင်ပြင်နီ၌ ဆိုဗီယက်ပြည်သူများသည် သီချင်းများသီဆိုခြင်း၊ တူရိယာများ တီးမှုတ်၍ ကခုန်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ထောင်ချီသောသေနတ်များအား မိုးပေါ်သို့ထောင်၍ ပစ်ခတ်မှုပေါင်း ၃၆ ချက်အား ပစ်ခတ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး အောင်ပွဲနေ့ အခမ်းအနားအား ပျော်ရွှင်မြူးထူးစွာ ကခုန်၍ ကျင်းပခဲ့ကြကြောင်း၊ ထို့ကြောင့် ဆိုဗီယက်ပြည်ထောင်စုသည် မေလ ၉ ရက်ကို အများပြည်သူရုံးပိတ်ရက်၊ ဖက်ဆစ်နာဇီဂျာမနီတို့အား အောင်နိုင်ခဲ့သည့် အောင်ပွဲနေ့(Victory Day)အဖြစ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပြီးနောက် ၂၀၀၅ ခုနှစ် နှစ် (၆၀)မြောက် အောင်ပွဲနေ့ နှစ်ပတ်လည်အခမ်းအနားမှ စတင်၍ မေလ ၉ ရက် အောင်ပွဲနေ့(Victory Day) သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ လူကြိုက်အများဆုံးသော အခမ်းအနားနှင့် အားလပ်ရက်တစ်ခုဖြစ်လာခဲ့ပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားများကိုလည်း ကျင်းပပြုလုပ်ကြကြောင်း၊ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲအထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားများတွင် နိုင်ငံအသီးသီးမှ စစ်ရေးပြတပ်ဖွဲ့များအနေဖြင့် ပါဝင်ချီတက်လေ့ရှိကြကြောင်း၊ ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များသည်လည်း အခြားသောနိုင်ငံများမှ စစ်ရေးပြတပ်ဖွဲ့ဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်ချီတက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်မလင်မြို့ရိုးအနီးရှိ အညတရစစ်သည်ဂူဗိမာန်သို့ သွားရောက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှသည် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်မေစိုး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ သွားရောက်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များသည် မြန်မာထေရဝါဒ ဗုဒ္ဓဝိဟာရစင်တာသို့ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာအရှင်အစ္ဆရိယနှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဟောကြားတော်မူသည့်အနုမောဒနာတရားကို နာယူကြည်ညိုကာ လှူဒါန်းမှုအစုစုတို့အတွက် အမျှပေးဝေကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ Exhibition of Achievements of National Economy (VDNK) သို့ သွားရောက်လေ့လာ



**နေပြည်တော် မေ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ Exhibition of Achievements of National Economy(VDNK) ကို သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် Exhibition of Achievements of National Economy (VDNK) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များသည် မော်စကိုမြို့ အကွက်ချပုံစံငယ်တည်ဆောက်ခြင်း ပြခန်း၊ ခေတ်သစ် smart city တွင် အသုံးပြုမည့်နည်းပညာများ ပြခန်းနှင့် အခြားပြခန်းများအလိုက် စိတ်ဝင်တစား လိုက်လံကြည့်ရှုလေ့လာကြရာ ပြခန်းများအလိုက် ပြခန်းတာဝန်ခံများက ရှင်းလင်းပြသခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေး

## ယနေ့တွေ့ဆုံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကို များစွာအထောက်အကူဖြစ်စေသည့်အပြင် နှစ်နိုင်ငံအကြား နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်

**နေပြည်တော် မေ ၉**

ရုရှားဖက်ဒရေးရှင်း နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ၁၉၄၁ – ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် Soluex Hotel Moscow ရှိ BEIJING ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒေါက်တာဘရှော့ခွန်စံလွင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့်အတူ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ ပေါလစ်ဗျူရို၏ အမြဲတမ်းကော်မတီအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အတွင်းရေးမှူးအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီရုံးအကြီးအကဲဖြစ်သူ Mr. CAI Qi၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံခြားရေးရာကော်မရှင်အကြီးအကဲ၊ နိုင်ငံခြားရေးဝန်ကြီး Mr. WANG Yi ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ရုရှားနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆက်လက်ကူညီဆောင်ရွက်**

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ဆုံးရှုံးရမှုများအတွက် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့အတူတကွ လက်တွဲ၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်းဆုံး ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဟုယုံကြည်ပါကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ် – မြန်မာ ဆက်ဆံရေးသည် ယခုနှစ်တွင် ၇၅ နှစ်ရောက်ရှိပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံ အားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**အစဉ်အမြဲကျေးဇူးတင်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပြောကြားရာတွင် မိမိတို့ မြန်မာနိုင်ငံတွင် ငလျင်သဘာဝဘေးဒဏ်ဖြစ်ပေါ်ခဲ့မှုကြောင့် ခက်ခဲမှုများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည့်အချိန်၌ အဆွေတော်အနေဖြင့် မြန်မာပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့ပြီး အမြန်ဆုံးကျော်ဖြတ် နိုင်ပါစေကြောင်းကို ဆုမွန်ကောင်း တောင်းပေးခဲ့ပါကြောင်း၊ ထို့ပြင် ငလျင်လှုပ်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အရေးအကြီးဆုံးအချိန်ဖြစ်သည့် (Golden Hour) တွင် တရုတ်နိုင်ငံမှ ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ငလျင်လှုပ်ခတ်ပြီး ၁၈ နာရီအကြာ၌ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာခဲ့ပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံ အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွက် အရေးပေါ်လူသားချင်း စာနာထောက်ထားမှု အကူအညီများကိုလည်း ပေးအပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် တရုတ်နိုင်ငံအစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများအပေါ် အစဉ်အမြဲကျေးဇူးတင် အမှတ်ရနေမည်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တရုတ်နိုင်ငံအနေဖြင့်လိုအပ်သည်များကို ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး မေတ္တာရပ်ခံလိုပါကြောင်း။

**နီးကပ်စွာဆက်လက်ပူးပေါင်း**

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စများနှင့်ပတ်သက်၍ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ တစ်ရပ်ကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန်တွင် နိုင်ငံတကာမှ လေ့လာရေး

*စာမျက်နှာ ၇ သို့*

- ❖ **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာနှင့် မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးတို့ကို အမြဲထောက်ခံအားပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်**
- ❖ **တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်း တစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာလုပ်ငန်းများအတွက် အခြေခံအသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံ**

## ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ပုပ်ရဟန်းမင်းကြီးသစ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည့် ဗာတီကန်မြို့ပြနိုင်ငံ၏ ပုပ်ရဟန်းမင်းကြီး လီယို-၁၄ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**နေပြည်တော်**

**ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်**

## မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ ဂါနာသမ္မတနိုင်ငံမှ သမ္မတက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**
**အဆွေတော်**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် (သောကြာနေ့) တွင် မြန်မာနိုင်ငံ၌ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့မှုကြောင့် အထူးဝမ်းနည်းကြေကွဲပါကြောင်း အဆွေတော်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံပြည်သူများအား ဂါနာသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ပြောကြားအပ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးခဲ့ခြင်း၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုကြီးမားစွာရှိခဲ့သည့်အတွက် အလွန်စိတ်မကောင်းဖြစ်ရပါသည်။ ကျန်ရစ်သူမိသားစုများ၊ ထိခိုက်ဒဏ်ရာရသူများအတွက် ဆုတောင်းမေတ္တာပို့သလျက်ရှိပါသည်။

ဤသို့ ခက်ခဲလှသည့်အချိန်တွင် ဂါနာနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူများနှင့်အတူ တစ်သားတည်းရှိနေပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံပြည်သူများ ကျန်းမာ၍ သာယာဝပြောပါစေကြောင်း လှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဂျွန် ဒရာမာနီ မာဟာမာ**
**ဂါနာသမ္မတနိုင်ငံသမ္မတ**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မေ ၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*


အဖွဲ့များကိုလည်း ဖိတ်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့်အတူ အေးအတူပူအမျှ အနာဂတ်မျှဝေသော အသိုက်အဝန်းတစ်ခုကို တည်ဆောက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံများဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံအသစ်များ ဖော်ဆောင်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် မြန်မာနိုင်ငံအနေဖြင့် အားပေးထောက်ခံပါကြောင်း၊ ယနေ့ တွေ့ဆုံမှုသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကို များစွာအထောက်အကူ ဖြစ်စေသည့်အပြင် နှစ်နိုင်ငံအကြား နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက ဆွေးနွေးပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ပြင်ဆင်နေမှုများနှင့် ရွေးကောက်ပွဲအား အားပေးထောက်ခံလျက်ရှိမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုနှင့် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတတို့သည် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မေ ၉

**မြန်မာနိုင်ငံ၏ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ ကောင်စီဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများနှင့်စပ်လျဉ်းသည့် ဒုတိယအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးသို့ ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်သည်။** (ယာပုံ)



အစည်းအဝေးတွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Gan Kim Yong က အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ ကောင်စီဝန်ကြီးများ၊ အာဆီယံ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးများက ၂၀၂၅ ခုနှစ် မေလ၌ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းညှိနှိုင်းမှုများ အပြီးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ကျန်ရှိသည့် အစားအစာနှင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များအပေါ် ပို့ကုန်ကန့်သတ်ချက်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ ပြန်လည်ထုတ်လုပ်ထားသော ကုန်စည်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ၊ အကောက်ခွန်များ ထပ်မံဖြေလျှော့ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စာချုပ်အာဏာသက်ဝင်ခြင်း ဆိုင်ရာ နည်းလမ်းများအပေါ် လမ်းညွှန်မှုပေးခဲ့သည်။ ထို့ပြင် ဝန်ကြီးများက ပင်ရင်းဒေသ စည်းမျဉ်းဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူစာချုပ် ဒုတိယအခြေပြစာချုပ် ချုပ်ဆိုရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များအပေါ် ဆွေးနွေးညှိနှိုင်းကြသည်။

အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများကို ၂၀၂၅ ခုနှစ် မေလတွင် အပြီးသတ်ရန်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ခြင်းဆိုင်ရာ အခြေပြစာချုပ်ကို ၂၀၂၅ ခုနှစ်အတွင်း လက်မှတ်ရေးထိုးရန် အာဆီယံနိုင်ငံများက ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

❒ *ကျောဖုံးမှ*

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin က ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းနှင့် သမိုင်းကြောင်း ဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာသုံးဆောင်နေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှု အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

ညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့က အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် ဇွန် ၂၂ ရက်တွင် ဖက်ဆစ်နာဇီတို့၏ ကျူးကျော်မှုကို ခုခံတွန်းလှန်ရန် ဆိုဗီယက်ပြည်ထောင်စု(ရုရှား)သည် (၁၉၄၁- ၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီးကို ပါဝင်ဆင်နွှဲခဲ့ပြီး ၁၉၄၅ ခုနှစ် မေ ၈ ရက် ညဉ့်နက်ပိုင်း (မေ ၉ ရက် နံနက်၊ မော်စကိုစံတော်ချိန်)တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ပြုလုပ်သော ဖက်ဆစ်နာဇီတို့၏ လက်နက်ချကြောင်း သဘောတူညီမှုစာချုပ် (German Instrument of Surrender) ကို ချုပ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် ဒုတိယကမ္ဘာစစ်ကြီးသည် အပြီးတိုင်ချုပ်ငြိမ်းခဲ့ကြောင်း၊ ဆိုဗီယက်ပြည်ထောင်စုသည် စာချုပ်အား လက်မှတ်ရေးထိုးခဲ့သည့် မေလ ၉ ရက်နေ့ကို ဖက်ဆစ်နာဇီတို့အား အောင်နိုင်ခဲ့သည့် အောင်ပွဲနေ့ (VictoryDay)၊ အများပြည်သူရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြားကာ ကလော-ရွှေညောင်လမ်းပိုင်း၌ပြေးဆွဲမည့် ရေနွေးငွေ့စက်ခေါင်း ကြည့်ရှုစစ်ဆေး





**နေပြည်တော် မေ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ရှမ်းပြည်နယ်ရုံး(တောင်ကြီး) ယာဉ်စစ်ဆေးရေးဌာန၌ ဝန်ကြီးဌာနအောက်ရှိ အရာထမ်း/ အမှုထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားခြင်း၊ ရာဂီမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော တောင်ကြီး-ရွှေညောင်လမ်းပိုင်းရှိ ပေါမှူဘူတာနှင့် ထီသိမ်ဘူတာကြားရထားလမ်းပိုင်း ပြုပြင်ဆောင်ရွက်နေမှုနှင့် ကလော-ရွှေညောင်လမ်းပိုင်း၌ပြေးဆွဲမည့် ရေနွေးငွေ့စက်ခေါင်းတွဲဆိုင်းအား ကြည့်ရှုစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဦးစွာ မေ ၇ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်ရုံး (တောင်ကြီး)သို့ ရောက်ရှိပြီး ယာဉ်စစ်ဆေးရေးဌာနခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ အရာထမ်း/အမှုထမ်းများအား တွေ့ဆုံ၍ ဌာနအဖွဲ့အစည်းအလိုက် ဝန်ထမ်းကောင်းပီသစွာ တာဝန်ထမ်းဆောင်ကြရေး၊ ဌာနအလိုက် ရည်မှန်းချက် တာဝန်များကို ပြည့်မီကျော်လွန်အောင် ကြိုးပမ်းအားထုတ်ကြရေး၊ လုပ်ငန်းဆောင်ရွက်မှုတွင် တာဝန်ယူမှု၊ တာဝန်ခံမှုစိတ်ဓာတ်ဖြင့် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး ရည်မှန်းချက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ လိုအပ်ချက်များကို မှာကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မေ ၈ ရက် နံနက်ပိုင်းတွင် တောင်ကြီး - ပေါမှူလမ်းပိုင်းရှိ ထီသိမ်ဘူတာ ရှင်းလင်းဆောင်သို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက အရည်အသွေးပြည့်မီပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးကို အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ကလောဘူတာသို့သွားရောက်၍ အများပြည်သူများ နယ်မြေသဘာဝရှုခင်းများ ကြည့်ရှုအပန်းဖြေနိုင်ရန် ရည်ရွယ်၍ ကလော-ရွှေညောင်လမ်းပိုင်း၌ အထူးရထားခရီးစဉ်အဖြစ် ပြေးဆွဲမည့် ရေနွေးငွေ့စက်ခေါင်း အထူးတွဲဆိုင်းကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့မီးရထားဝန်ထမ်းများအား အင်ဂျင်နီယာမှူး (မြို့ပြ/တိုင်း) ရုံးတွင် တွေ့ဆုံ၍ ကလောဘူတာသည် ရှေးဟောင်းသမိုင်းဝင်ဘူတာဖြစ်သဖြင့် ဘူတာအဆောက်အအုံနှင့် မှတ်တမ်းဓာတ်ပုံတို့ကို ရှေးမူမပျက် ထိန်းသိမ်းထားရှိရေး၊ ရထားစီးခရီးသည်များကိုသာမက ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များကိုလည်း ဆွဲဆောင်နိုင်ရေးအတွက် ဘူတာသန့်ရှင်းသပ်ရပ်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို အလေးထားထိန်းသိမ်းဆောင်ရွက်ရေး မှာကြားသည်။

မေ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလောမြို့နယ် ဟဲဟိုးဘူတာနှင့် ရွှေညောင်ဘူတာ အကြားရှိ တံတားအမှတ် (၃၈၂) ဘဝသံသရာတံတားသို့ ရောက်ရှိ၍ တံတားကြံ့ခိုင်မှုအခြေအနေနှင့် အနီးပတ်ဝန်းကျင် သာယာလှပသည့် ရှုခင်းနေရာများအား ကြည့်ရှုစစ်ဆေးပြီး ရှုခင်းကြည့်အထူးရထားခရီးစဉ် ပြေးဆွဲနိုင်ရေး လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာစည်ဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် သာစည်ဘူတာအဆောက်အအုံပျက်စီးမှုများ ရှင်းလင်းခြင်း၊ ပြန်လည် တည်ဆောက်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ကြီးဌာန လက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ ငလျင်ဒဏ်ထိခိုက်ခဲ့သည့် ဝန်ထမ်းများအား သာစည်မြို့နယ်ခန်းမ၌တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့ ဗဟို ပို့ဆောင်ဆက်သွယ်ရေးကျောင်းသို့ရောက်ရှိကာ သင်တန်းခန်းမ၌ မိတ္ထီလာမြို့နယ်၊ သဲတောမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ရှိ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် မေ ၉

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေး၍ (ယာပုံ) ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်သည်။**



ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အတူ မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အလုံ) သို့ရောက်ရှိပြီး တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရန် စခန်းသွင်းသင်ကြားပို့ချနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဘာသာရပ်များ သင်ကြားပို့ချပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေး အသုံးပြုရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူတို့က လက်ခံရယူသည်။ ယင်းနောက် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ နေ့လယ်စာ ချက်ပြုတ်စားသောက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မုံရွာမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေး အသုံးပြုရန်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူတို့က လက်ခံရယူသည်။

ထို့နောက် ဆရာ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ နေ့လယ်စာ စားသောက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား အစားအစာချက်ပြုတ်ရာတွင် ကောင်းမွန်၍သန့်ရှင်းလတ်ဆတ်မှုရှိစေရေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးတို့ကို အထူးအလေးထား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပြည်သူ့ဥယျာဉ် စီမံကိန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ယာယီနေရပ်စွန့်ခွာနေသူများကို အားပေးစကားပြောကြားကာ ယာယီနေရပ်စွန့်ခွာနေသူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၇၄၆ ဒသမ ၀၈ သန်းပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

## အားပေးစကားပြောကြား

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ယာယီနေရပ်စွန့်ခွာနေသူများသို့ ထောက်ပံ့ငွေများ ပေးအပ်ရာ ယာယီနေရပ်စွန့်ခွာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဒုတိယဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာနေသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ပြန်လည်ဖြေဆိုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ အစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပါမောက္ခ၊ ဆရာ ဆရာမများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုယ်ပိုင်ကျောင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စခန်းသွင်းသင်ကြားပို့ချနေသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ်တို့မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စခန်းဝင် လေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မုံရွာတက္ကသိုလ် ပါမောက္ခချုပ်တို့က ကျောင်းသား ကျောင်းသူများအား စခန်းသွင်းသင်ကြား ပို့ချပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က တက္ကသိုလ်ဝင်တန်းဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့် ဝင်ရောက်ဖြေဆိုနိုင်ရေးနှင့် တာဝန်ရှိသူများက Campဝင်ကျောင်းသားကျောင်းသူများနှင့် စဉ်ဆက်မပြတ်ထိတွေ့ပြီး လိုအပ်သည်များကူညီပံ့ပိုးပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်များနှင့် ကိုယ်ပိုင်ကျောင်းတို့မှ တာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနိုင်ရန် နိုင်ငံတော်မှ အုပ်ချုပ်ထောက်ပံ့မှုကိစ္စများအတွက် ပံ့ပိုးဆောင်ရွက်ပေးထားမှုအခြေအနေ၊ စခန်းသွင်းလေ့ကျင့်ရေးစခန်းများတွင် သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး၊ လျှပ်စစ်မီး စဉ်ဆက်မပြတ်ရရှိရေး၊ အစားအစာများ ချက်ပြုတ်ရာတွင် ကောင်းမွန်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေး ဆောင်ရွက်ရန်၊ Camp များတွင် လုံခြုံရေးအထူးဂရုပြုရန်နှင့် စီမံချက်ပါအတိုင်း ဆောင်ရွက်စေရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် မြန်မာ - တရုတ်(ကျန်းစု) ကုန်သည်များအသင်း (MYANMAR-CHINA (JIANGSU) CHAMBER OF COMMERCE) တို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများအား လှူသုံးကုန်ပစ္စည်းများပေးအပ်လှူဒါန်း




**နေပြည်တော် မေ ၉**

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် MYANMAR-CHINA (JIANGSU) CHAMBER OF COMMERCE တို့က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၏ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လျှပ်စစ် ရေနွေးအိုး၊ လေအေးပေးပန်ကာ၊ ဆိုလာမီးလုံး၊ စောင်၊ ခြင်ထောင်၊ ဖျာ၊ ဆပ်ပြာ၊ ခေါင်းလျှော်ရည် စသည့် လူသုံးကုန်ပစ္စည်း အမျိုးအစားရှစ်မျိုးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) သို့ လာရောက်လှူဒါန်းသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော လူသုံးကုန်ပစ္စည်းများ လာရောက်လှူဒါန်းခြင်းအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် MYANMAR-CHINA (JIANGSU) CHAMBER OF COMMERCE တို့ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လာရောက်လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများကို လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယမန်နေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းက ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် အလှူငွေများ လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး(ဝဲပုံ) ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ လျှော့ဒဏ်သင့်ရုံးများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေး

မန္တလေး မေ ၉

**ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ရုံးများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။**



ပထမဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁)၊ ဘဏ်ခွဲ (၂) နှင့် ဘဏ်ခွဲ (၃)၊ မန္တလေးတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးများသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ကြည့်ရှုစစ်ဆေးကာ ပြုပြင်နိုင်ရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ ပျော်ဘွယ်မြို့ မြန်မာ့စီးပွားရေးဘဏ်နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး၊ ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ခရီးစဉ်တစ်လျှောက်ရှိ ရုံးများမှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ မိမိတို့၏ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရေး၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ အထက်အောက် အဆင့်ဆင့်ထိတွေ့ပြီး တွေ့ကြုံနေရသော အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရေး၊ နိုင်ငံတော်က ဝန်ထမ်းများအပေါ်ထားရှိသည့် စိတ်စေတနာများကို ဝန်ထမ်းတိုင်း သဘောပေါက်နားလည်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ဂုဏ်ယူစွာ တာဝန်ထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။ ယင်းနောက် ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် မိသားစုဝင်များသို့ ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

စစ်ကိုင်းတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ခံရုံး၊ ဌာနများအနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အမြန်ပြုပြင်ခြင်း၊ အကြီးစားပြုပြင်မှုများကို စနစ်တကျ ဆက်လက်ဆောင်ရွက်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး မိမိတို့၏ မူလတာဝန်များနှင့် ငွေကြေးနှင့် ဘဏ်လုပ်ငန်းများအပါအဝင် ပြည်သူအကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

**နေပြည်တော် မေ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်-အခြေခံပညာ အထက်တန်းကျောင်း၊ မိတ္ထီလာခရိုင်ဝမ်းတွင်းမြို့ သဲတော-အခြေခံပညာအထက်တန်းကျောင်း အောင်သိပ္ပခန်းမနှင့် မိတ္ထီလာမြို့ ကန်တော် မင်္ဂလာခန်းမတို့တွင် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ ယင်းတော်အခြေခံပညာအထက်ကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရမည်းသင်းမြို့ မြို့မအခြေခံပညာအထက်တန်းကျောင်းခန်းမတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်လျက်ရှိသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ အခြေခံပညာ ဆရာ ဆရာမများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအားပေးစကားပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေးဒဏ်ကြောင့် ပြန်လည်ရုန်းထရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ Grade-12 စာမေးပွဲအား ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန်အတွက် အခွင့်အလမ်းတစ်ရပ်အဖြစ်မှတ်ယူကာ ကြိုးစားဆောင်ရွက်နေမှုကို အသိအမှတ်ပြုချီးကျူးပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် မလျှော့သော ဇွဲ၊ လုံ့လတို့ဖြင့် ကြုံတွေ့လာရသည့် အခက်အခဲကို ရင်ဆိုင်ကျော်လွှားပြီး လက်ရှိစာသင်ကြားနေသည့် အချိန်ဇယားအလိုက် စာမေးပွဲဖြေဆိုရန် ၃၇ ရက်သာလိုသည့်အချိန်တွင် ဘာသာရပ်အလိုက် စနစ်တကျတွက်ချက်ပြီး တန်ဖိုးထား ကြိုးစားခြင်းဖြင့် ပိုမိုအောင်မြင်မှုများ ရရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မန္တလေးတစ်တိုင်းလုံးအနေဖြင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ အင်အား၏ ၉၄ ရာခိုင်နှုန်းနှင့် မိတ္ထီလာခရိုင်အတွင်း ၉၀ ရာခိုင်နှုန်းခန့် တက်ရောက်ပညာသင်ကြားလျက်ရှိပြီး ကျန်ရှိနေသော အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း အမြန်ဆုံး ရောက်ရှိပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာဖြေဆိုနိုင်ရန် သင်ကြားကြပ်မတ်ပေးသည့် ဆရာ ဆရာမများ၊ မိဘများ၊ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအားလုံးကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ရရှိသည့်အချိန်အတွင်း မဆုတ်မနစ်ကြိုးစားအားထုတ်ပြီး ဘဝရည်မှန်းချက်ပန်းတိုင်အသီးသီးသို့ အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ နေထိုင်သင်ကြားနိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား ကျောင်းသူများ ရာနှုန်းပြည့်စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ ဆရာမများ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အစဉ်ပြေချောမွေ့စေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

***❖ ကျောဖုံးမှ***

မန်ယူအသင်းသည် မေ ၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် ဘီလ်ဘာအို အသင်းကို သုံးဂိုးပြတ် အနိုင်ရရှိထားသည်။ ဘီလ်ဘာအိုအသင်းသည် အဆိုပါရလဒ်ကို ချေဖျက်ကာ ပြတ်သားသည့်ရလဒ်ထွက်ပေါ်ရေး အာရုံစိုက်ကစားလာသည့်အတွက် မန်ယူအသင်း ခက်ခက်ခဲခဲရုန်းကန်ခဲ့ရသည်။

ဘီလ်ဘာအိုအသင်းသည် ပွဲကစားချိန် ၃၁ မိနစ်တွင် ရရှိခဲ့သော မီကယ်ဂျာရီဂေဇာ၏ သွင်းဂိုးဖြင့် မန်ယူအသင်းကို မိနစ် ၇၀ ကျော်အထိ ဦးဆောင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် မန်ယူအသင်းက လူစားဝင်ကစားသမား မေဆင်မောင့် ခြေစွမ်းပြမှုနှင့်အတူ ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူကာ ဂိုးပြတ်နိုင်ပွဲ ထပ်မံဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်ရလဒ်တွင် စပါးအသင်းက နော်ဝေကလပ် ဘိုဒိုဂလင့်ကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် စပါးအသင်းသည် ဘိုဒိုဂလင့်ကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ဘိုဒိုဂလင့်အသင်းသည် ခြေစွမ်းအသာဖြင့်တစ်ဖတ်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် ရှုံးပွဲ ထပ်မံကြုံတွေ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

ယူရိုပါလိဂ်ဗိုလ်လုပွဲကို စပါးနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လာမည့် မေ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

အားကစားမြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်မူးယစ်ဆေး

# ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ယခုကျင်းပမည့် ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့် မတူဘဲ ရွေးကောက်ပွဲကျင်းပရမည့် အခြေအနေ၊ ဆောင်ရွက်ရမည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုများပြားပါကြောင်း၊ ကျင်းပမည့် ရွေးကောက်ပွဲစနစ်၊ ရွေးကောက်ပွဲကျင်းပပေးရမည့် အချိန်ကာလ၊ မဲပေးရမည့်ပုံစံများလည်း မတူညီပါကြောင်း၊ မဲပေးရာတွင် ယခင်က မဲလက်မှတ်ဖြင့် မဲပေးခဲ့သော်လည်း ယခုအခါ အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ မဲပေးစက်ကို ပြည်တွင်းရှိ ကျွမ်းကျင်ပညာရှင်များက ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုလျက်ရှိသည့် မဲပေးစက်များကိုလေ့လာပြီး မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများနှင့် အကိုက်ညီဆုံးသော ဒီဇိုင်းပုံစံကိုတီထွင်ခဲ့ခြင်းဖြစ်ကြောင်း၊ မဲပေးစက်များအား အကြိမ်ကြိမ် စမ်းသပ်စစ်ဆေးမှုများပြုလုပ်၍ အမှားအယွင်းမရှိစေရေး၊ လုံခြုံစိတ်ချမှုရှိစေရေး၊ မဲဆန္ဒရှင်ပြည်သူများ မဲပေးစက်အပေါ် ယုံကြည်မှုရှိစေရေး ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ မဲပေးစက်အကြောင်း သိရှိစေရန်နှင့် မဲပေးစက်ဖြင့် မှန်ကန်စွာ မဲပေးတတ်စေရန် ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးစေခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းစက်များကိုအသုံးချနိုင်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးစွမ်းပကားများ လိုအပ်ပါကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များ၏ကူညီမှုဖြင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မဲပေးစက်များနှင့်စပ်လျဉ်း၍ စီမံထားရှိမှုများကို တင်ပြဆွေးနွေးသည်။

ထို့နောက် ကော်မရှင်ရုံးမှ မဲပေးစက်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က မဲပေးစက်ထုပ်ပိုးထားပုံနှင့် ပါရှိမည့်ပစ္စည်းများကိုလည်းကောင်း၊ ကျွမ်းကျင်သူပညာရှင်က မဲပေးစက်များ သိုလှောင်ထားရှိရာတွင် စနစ်တကျ ထားသိုနိုင်ရန်နှင့် သဘာဝပိုးမွှားအန္တရာယ်မှ ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်ဝန်ကြီးများက ရွေးကောက်ပွဲ လုပ်ငန်းစဉ်များဆိုင်ရာ ဆောင်ရွက်မည့်အစီအမံများ၊ လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များချမှတ်ကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားလှယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရှိစေရေးအတွက် ရေအရင်းအမြစ်များ စူးစမ်းလေ့လာ

**နေပြည်တော် မေ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ မေ ၇ ရက် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေ၊ စိုက်ပျိုးရေဖူလုံမှုရှိစေရေး ကွင်းဆင်းစူးစမ်းလေ့လာဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်း ဆွေးနွေးကြသည်။



အဆိုပါညှိနှိုင်းဆွေးနွေးချက်များအရ မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ရေရရှိရေးဆောင်ရွက်မည့် အဆိုပြုနေရာများ၊ ရေပိုမိုပေးဝေနိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းရှိသည့် ရေအရင်းအမြစ်နေရာများ၊ လက်ရှိအသုံးပြုလျက်ရှိသော ဆည်တမံများ၏ ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှု၊ မြို့သောက်သုံးရေပေးဝေနေမှု၊ ရေဝေရေလဲဧရိယာများ၏ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေ၊ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းသုံး ရေရရှိရေးတို့ကိုဆောင်ရွက်နိုင်မည့်နည်းလမ်းများကို အနာဂတ်ကာလ ရေလိုအပ်ချက်များနှင့် ပေါင်းစပ်ဖော်ထုတ်ခဲ့ကြသည်။

ကျေးရွာအုပ်စု ၃၇ အုပ်စု၊ ရပ်ကွက်ကြီး ၂၀ ခုရှိသည့် ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်ပြီးဆည်တမံများဖြစ်သည့် ဆင်လမ်းတမံ၊ ဒိုးကွင်တမံ၊ စည်သာတမံနှင့် စည်သာရေကူတမံတို့မှ မြို့ပြရပ်ကွက်ကြီး ၁၂ ခုနှင့် ပြင်ဦးလွင်တပ်နယ်အပါအဝင် ဌာနဆိုင်ရာများသို့ တစ်ရက်လျှင် သောက်သုံးရေဂါလန် ၆ ဒသမ ၂ သိန်း နေ့စဉ်ပေးဝေလျက်ရှိသကဲ့သို့ ဂဲလောင်ချောင်းနှင့် သဖြိုက်ချောင်းများပေါ်ရှိ ကျေးရွာရေလွှဲဆည်ငယ်များမှလည်း စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း၊ ပြင်ဦးလွင်မြို့နယ်၌ နေထိုင်သူလူဦးရေ နှစ်စဉ်တိုးတက်လာလျက်ရှိရာ နှစ်အလိုက်ထပ်မံလိုအပ်လာနိုင်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၉ - ၅ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၇၁၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် မေ ၉**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ်ထွန်းလူနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဌာနချုပ်မှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော ရေတပ်လေ့ကျင့်ရေးဌာနချုပ်အသင်းတို့အား ဌာနချုပ်မှူးနှင့် အဖွဲ့ဝင်များက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်းကိုးသင်းဖြင့် မေ ၅ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၉**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ် (၁၂၁/၂၀၂၄) ရဲသီဟတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။



ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သူရိန်လင်းထက်၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဆန်းထူးနိုင်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နန်းဆောင်းချယ်ရီဖွေး၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း မြိုင်သီတာ၊ ကွန်ပျူတာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဆန်းထူးနိုင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းဂုဏ်ပြု အမှာစကားပြောကြားရာတွင် "စိတ်ဓာတ် စည်းကမ်းကောင်းမွန်ပြီး ခံယူချက်၊ ယုံကြည်ချက်ပြည့်ဝ၍ ကျန်းမာကြံ့ခိုင်သော၊ မျိုးချစ်စိတ်ဓာတ်နှင့် စွမ်းရည်ပြည့်ဝခေတ်မီသည့် ရဲအရာရှိငယ်များဖြစ်လာစေရန်" ဆိုသည့် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယရဲအုပ်များအဖြစ် မွေးထုတ်ပေးနိုင်ခဲ့ပြီး ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့် တပ်ဖွဲ့ဝင်များအနေဖြင့် သင်တန်းကာလအတွင်း သင်ကြားပို့ချပေးခဲ့သည့် ဥပဒေပညာ၊ ရဲလုပ်ငန်းအတတ်ပညာ၊ စစ်ပညာများနှင့် ခေါင်းဆောင်မှုပညာများကို လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချသွားရန် မိမိကိုယ်တိုင် စံပြဖြစ်အောင် နေထိုင်ကျင့်ကြံပြီး ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်သွားရန်နှင့် ပေးအပ်သည့် ရည်မှန်းချက် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

လက်ရှိကာလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်၊ နယ်မြေခံပြည်သူ့စစ်များ၊ လုံခြုံရေးအဖွဲ့များ၊ သက်ဆိုင်ရာ ဒေသခံပြည်သူလူထုများနှင့် လက်တွဲကာ တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသည့် နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိပြီး ကျောင်းဆင်းကြမည့် ဒုတိယရဲအုပ်များအနေဖြင့် နောင်တော်ရဲတပ်ဖွဲ့ဝင်များနည်းတူ ပြည်သူကိုအလုပ်အကျွေးပြုပြီး နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေးအတွက်အသက်ပေးကာကွယ်စောင့်ရှောက်တတ်သော ရဲတပ်ဖွဲ့ဝင်များအဖြစ်ခံယူကာ မိမိတို့ကျရာ တာဝန်များကို ဦးလည်မသုန် ထမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို ဥပဒေနှင့်အညီ စေတနာထားဆောင်ရွက်ပေးပြီး မိမိတာဝန်ကျရာနယ်မြေအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ဆောင်ရွက်ပေးခြင်း၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခြင်းများအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းမှန်သမျှကို စစ်မှန်သည့် စိတ်ရင်းစေတနာမှန်ဖြင့် လုပ်ဆောင်ပေးကြရမည်ဖြစ်သလို သဘာဝဘေးအန္တရာယ် ကြုံတွေ့ချိန်တွင် ဖြစ်ပေါ်တတ်သည့် မှုခင်းများကို လေ့လာပြီး မှုခင်းကြိုတင် ကာကွယ်ရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ရဲတပ်ဖွဲ့ဝင်များ စွမ်းရည်ပြည့်ဝထက်မြက်နေစေရန်အတွက် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ရဲလုပ်ငန်း စနစ်များ၊ စစ်နည်းဗျူဟာများနှင့် စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာနေရမည်ဖြစ်ကြောင်း၊ အမျိုးသမီးရဲအရာရှိများ အနေဖြင့်လည်း လေ့ကျင့်သင်ကြား ပျိုးထောင်ပေးလိုက်သည့် ပညာရပ်များကို အခြေခံပြီး မိမိတို့ရောက်ရှိ တာဝန်ထမ်းဆောင်ကြရမည့် ဒေသအသီးသီးတွင် လက်တွေ့ဘဝနှင့် ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၁) ရဲသီဟတပ်ခွဲတွင် တပ်ဖွဲ့တွင်းမှ ဘွဲ့ရအမျိုးသား ၁၉၈ ဦး၊ အမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၃၂၇ ဦးတို့ကို လေ့ကျင့်သင်ကြား၍ သင်တန်းဆင်းပေးခဲ့ကြောင်းနှင့် ညပိုင်းတွင် သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားကို ဗဟိုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်း ဒုတိယရဲအုပ်များ တက်ရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**နေပြည်တော် မေ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် နေပြည်တော်ရှိ လျောင်ဒဏ်သင့်ဝန်ထမ်းများနှင့် ပြည်သူများ သက်သာချောင်ချိရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSME များမှ ထုတ်လုပ်သည့် ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံကို ရုံးအမှတ် (၃၀)၌ လာရောက်ရောင်းချမှုကို ကြည့်ရှုအားပေးသည်။



ထို့အတူ MSME ထုတ်ကုန်များကို မေ ၆ ရက်တွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၇)နှင့် (၄၁) တို့၌ ရောင်းချပေးခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မေ ၅ ရက်မှ ဇွန် ၆ ရက်အထိ တစ်လကြာ ပစ္စည်းအမယ်စုံ ၁၅၀ ခန့်ကို ၁၀ ဘီးကား ကွန်တိန်နာ အမိုးဖွင့်ယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ပဲခူးတိုင်းဒေသကြီး၌ ရောင်းချပေးလျက်ရှိသောဈေးနှုန်းများအတိုင်း ရောင်းချပေးသွားမည်ဖြစ်ရာ လိုအပ်သော ကုန်ပစ္စည်းများအား ပဲခူးတိုင်းဒေသကြီးမှ မော်တော်ယာဉ်ဖြင့် အမြဲမပြတ် ပေးပို့ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# သန်လျင်မြို့နယ်၌ ကဆုန်လပြည့် ဗုဒ္ဓနေ့ ကျင်းပမည်

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်၌ စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်ကျင်းပမည့် ကဆုန်လပြည့် ဗုဒ္ဓနေ့အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က ကဆုန်လပြည့် ဗုဒ္ဓနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်ရာ သန်လျင်မြို့နယ်တွင်လည်း အစဉ်အလာမပျက် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အကြံပြုဆွေးနွေးကြသည်။

ကဆုန်လပြည့် ဗုဒ္ဓနေ့အခမ်းအနားကို မေ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် သန်လျင်မြို့ သာသနာ့ဗိမာန်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ကြမည်ဖြစ်ပြီး နံနက် ၈ နာရီတွင် သာသနာ့ဗိမာန်အပေါ်ထပ်၌ ဗုဒ္ဓနေ့ အခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း( သန်လျင်)**

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။

# မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များ ပါဝင်တက်ရောက်ဂုဏ်ပြု

**နေပြည်တော် မေ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၁၉၄၁-၁၉၄၅) မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်ရာ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲအထိမ်းအမှတ် အဖြစ် စစ်ရေးပြအခမ်းအနားများဖြင့် ချီတက်ဂုဏ်ပြုကြသည်။

အဆိုပါ အခမ်းအနားတွင် နိုင်ငံအသီးသီးမှ စစ်ရေးပြတပ်ဖွဲ့များ ပါဝင်ချီတက် ဂုဏ်ပြုကြပြီး ယခုနှစ်တွင် ကျင်းပပြုလုပ်သည့် (၁၉၄၁-၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များသည်လည်း အခြားသောနိုင်ငံများမှ စစ်ရေးပြတပ်ဖွဲ့ဝင်များနှင့်အတူ ပထမဦးဆုံးအကြိမ်အဖြစ် ပါဝင်ချီတက်ခဲ့ကြသည်။

အဆိုပါအခမ်းအနား၌ ပါဝင်ချီတက် ဂုဏ်ပြုပေးကြသည့် မြန်မာနိုင်ငံမှ စစ်ရေးပြတပ်ဖွဲ့ဝင်များ၏ ဂုဏ်ပြုစကားသံများကို ယခုလိုပဲ ကြားသိရပါသည် -



ဒုတိယဗိုလ်မှူးကြီးဝင်းထက်မင်း



တပ်ကြပ် ကျော်စွာထွန်း



ဒုတိယတပ်ကြပ် ရန်နိုင်ဝင်း



တပ်သား အာကာဇင်



ဗိုလ်မှူးချုပ် မျိုးဆက်အောင်

**ဒုတိယဗိုလ်မှူးကြီး ဝင်းထက်မင်း**

ကျွန်တော်တို့ နှစ်(၈၀)ပြည့် မဟာမျိုးချစ် စစ်ပွဲကြီးအောင်ပွဲ ရုရှားနိုင်ငံမှာ ကျင်းပမယ့် စစ်ရေးပြ အခမ်းအနားကြီးကိုလာဖို့အတွက် ကျွန်တော်တို့ မြန်မာ့တပ်မတော်က အရာရှိ၊ စစ်သည် အင်အား စုစုပေါင်း ၁၀၀ နဲ့ စတင်စုဖွဲ့ခဲ့ပါတယ်။ အင်အား ၁၀၀ ထဲမှာမှ စစ်သည်တစ်ဦးချင်းစီရဲ့ ကြံ့ခိုင်ရေး၊ ကျန်းမာရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်ဒါတွေကို အသေးစိတ်စိစစ် ဆန်ခါတင်ရွေးချယ်ပြီးမှ မြန်မာနိုင်ငံကိုယ်စားပြု စစ်ရေးပြတပ်ခွဲကို ရုရှားနိုင်ငံကို စေလွှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ကြိုတင်လေ့ကျင့်ပြင်ဆင်မှုအပိုင်းမှာ အခက်အခဲတွေ မရှိပါဘူး။ ကျွန်တော်တို့ စတင်စုဖွဲ့စဉ် အချိန်ကတည်းက အကောင်းဆုံး လေ့ကျင့်ခဲ့ပါတယ်။ အထက်အကြီးအကဲများရဲ့ ညွှန်ကြားချက်နဲ့အညီလည်း အကောင်းဆုံး လေ့ကျင့်နိုင်ခဲ့ပါတယ်။ သေချာစုဖွဲ့ လေ့ကျင့်ပြင်ဆင်ပြီးမှ ရုရှားနိုင်ငံကို ရောက်လာခြင်းဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းမှာ ကိုယ့်တိုင်းပြည် ကိုယ့်နိုင်ငံအတွက် အသက်စွန့်ကာကွယ်သွားကြတဲ့ တပ်မတော်သားတိုင်း၊ နိုင်ငံသားတိုင်းကို သူတို့ရဲ့အဖိုးမဖြတ်နိုင်တဲ့ ပေးဆပ်မှု၊ စွန့်လွှတ်အနစ်နာခံမှုအတွက် မှတ်တမ်းတင်၊ မှတ်ကျောက်တင်ခံသင့်တဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ရဲ့ အဆိုးရွားဆုံးအချိန်ကာလတွေမှာတောင်မှ ကိုယ့်အသက်ကို ပဓာနမထားဘဲနဲ့ မိမိတိုင်းပြည်၊ မိမိနိုင်ငံအတွက် တာဝန်သိစိတ်၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နဲ့ ဂုဏ်သိက္ခာတို့နဲ့ ကာကွယ်သွားကြတဲ့ တပ်မတော်သား၊ နိုင်ငံသားတိုင်းကို သမိုင်းမှာ အမြဲတမ်းအမှတ်ရနေမှာဖြစ်ပါတယ်။ အခုလို ရုရှားနိုင်ငံအထိလာရောက်ပြီး မြန်မာနိုင်ငံ ကိုယ်စားပြုစစ်ရေးပြတပ်ခွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်။ ကျွန်တော်တစ်ယောက်တည်းတင်မကဘူး မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံမှာရှိတဲ့ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ဝမ်းသာဂုဏ်ယူသင့်တဲ့ အခိုက်အတန့်တစ်ခုလို့ မြင်မိပါတယ်။ ကမ္ဘာ့အဆင့် စစ်ရေးပြအခမ်းအနားကြီးမှာ ကျွန်တော်တို့ မြန်မာ့တပ်မတော်ရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်၊ ဂုဏ်သိက္ခာတို့ကို ပြသနိုင်ဖို့အတွက် ပေးအပ်တဲ့ တာဝန်ကို အစွမ်းကုန်ကျေပွန်အောင် ဆောင်ရွက်သွားမယ်လို့လည်း ကျွန်တော်ပြောချင်ပါတယ်။

**တပ်ကြပ် ကျော်စွာထွန်း**

နှစ်(၈၀) ပြည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ စစ်ရေးပြအခမ်းအနားမှာ တက်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အလွန်ပဲဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ စစ်သားဘဝတစ်လျှောက်လုံးမှာလည်း ဂုဏ်ယူစရာ အဖြစ်အပျက်တစ်ခုအဖြစ် မှတ်ထင်မိပါတယ်။ လေ့ကျင့်နေစဉ် အတွေ့အကြုံတွေကတော့ မိတ်ဖက်နိုင်ငံတပ်မတော်တွေရဲ့ စစ်ရေးပြပုံစံတွေကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။ မိတ်ဖက်နိုင်ငံတွေနဲ့ အတူနေရတဲ့အတွက် မိတ်ဆွေကောင်းများလည်း ရရှိလာပါတယ်။ အခုလို ရုရှားနိုင်ငံရဲ့ စစ်ရေးပြအခမ်းအနားမှာ ပါဝင်ချီတက်ခွင့်ရအောင် ဆောင်ရွက်ပေးခဲ့တဲ့ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တပ်မတော်အကြီးအကဲများ၊ ဌာနဆိုင်ရာအကြီးအကဲများအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ကို ဒီစစ်ရေးပြအခမ်းအနား ဖြစ်မြောက်အောင် ကူညီပေးတဲ့ ကျွန်တော်တို့ကို သင်ပေးတဲ့ နည်းပြအရာရှိများ၊ အုပ်ချုပ်သူအရာရှိများအားလုံးကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။

**ဒုတိယတပ်ကြပ်ရန်နိုင်ဝင်း**

မေလ ၉ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံရဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အခမ်းအနားမှာ ကျွန်တော့်အနေနဲ့ မြန်မာ့တပ်မတော်ကိုယ်စား ပါဝင်ချီတက်ခွင့်ရတဲ့အတွက် တပ်မတော်ဂုဏ်ပြုတပ်ခွဲနဲ့ စစ်တီးဝိုင်းတပ်ကိုယ်စား များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။ မိတ်ဖက်နိုင်ငံတွေနဲ့ စစ်ရေးပြ ယှဉ်တွဲလေ့ကျင့်ရတဲ့အတွက် စစ်ရေးပြအတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ မိတ်ဖက်နိုင်ငံတွေရဲ့ စစ်ရေးပြစွမ်းရည်၊ နိုင်ငံကြီးတွေရဲ့ စစ်ရေးပြစွမ်းရည်ကိုလည်း လေ့လာခွင့်ရရှိခဲ့ပါတယ်။ အခုလို ပါဝင်ချီတက်ခွင့်ရအောင် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သော နိုင်ငံအကြီးအကဲများကိုလည်း အထူးပင် ကျေးဇူးတင်ရှိကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

**တပ်သား အာကာဇင်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်(၈၀)ပြည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ စစ်ရေးပြအခမ်းအနားမှာ ပါဝင်ချီတက်ခွင့်ရတဲ့အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ စစ်ရေးပြအခမ်းအနားမှာ မိတ်ဖက်နိုင်ငံတွေနဲ့ စစ်ရေးပြ ယှဉ်တွဲလေ့ကျင့်ရတဲ့ အတွက် မိတ်ဖက်နိုင်ငံတွေရဲ့ စစ်ရေးပြ အတွေ့အကြုံများစွာ ရရှိခဲ့ပါတယ်။ မိတ်ဖက်နိုင်ငံများမှ တပ်ဖွဲ့ဝင်အသီးသီးတို့နဲ့လည်း ခင်မင်ကျွမ်းဝင်ခွင့်ရပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နှစ်(၈၀)ပြည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ စစ်ရေးပြအခမ်းအနားမှာ ပါဝင်ချီတက်ခွင့်ရအောင် စီစဉ်ပေးခဲ့တဲ့ အထက်အကြီးအကဲများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**ဗိုလ်မှူးချုပ် မျိုးဆက်အောင်**

၂၀၂၅ ခုနှစ် မတ်လဆန်းမှာ နှစ်နိုင်ငံအကြီးအကဲများ တွေ့ဆုံစဉ်ကာလမှာ ရုရှားသမ္မတကြီး ဗလာဒီမာပူတင်အနေနဲ့ ရုရှားနိုင်ငံရဲ့ နှစ်(၈၀) ပြည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ အခမ်းအနားမှာ ကျွန်တော်တို့နိုင်ငံရဲ့ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်တက်ရောက်ဖို့နဲ့ မြန်မာ့တပ်မတော် ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲတစ်ခွဲ ပါဝင်ချီတက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့နိုင်ငံအတွက် များစွာဂုဏ်ယူမိပါတယ်။ ဒီထက်မက ပိုပြီးတော့ ဂုဏ်ယူ ကျေနပ်စရာကတော့ မြန်မာနိုင်ငံဟာ ရုရှားနိုင်ငံအတွက် အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ ယုံကြည်စိတ်ချရဆုံး နိုင်ငံဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒီအတွက်လည်း ကျွန်တော်တို့နိုင်ငံအတွက် များစွာကျေနပ် ဂုဏ်ယူမိပါကြောင်းနဲ့ ယခုလို အသိအမှတ်ပြုပြောကြားပေးတဲ့ ရုရှားသမ္မတကြီး မစ္စတာဗလာဒီမာပူတင်ကိုလည်း များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ ဒုတိယကမ္ဘာစစ်အပြီး ၁၉၄၈ ခုနှစ် မတ်လ ၁၈ ရက်နေ့မှာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို စတင်ဆောင်ရွက်ခဲ့တာ ယခုဆိုရင် ၇၇ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ကာလကြာရှည်နက်ရှိုင်းတဲ့ မဟာဗျူဟာဆက်ဆံရေး တည်ရှိသလို ရုရှားနိုင်ငံအတွက် မြန်မာနိုင်ငံဟာလည်း အရေးပါတဲ့နိုင်ငံတစ်ခုအဖြစ် ရုရှားနိုင်ငံက အသိအမှတ်ပြုထားတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း ကျွန်တော်တို့ မြန်မာ့တပ်မတော်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတစ်ခွဲဟာ ရုရှားနိုင်ငံရဲ့ အထွတ်အမြတ်ဖြစ်တဲ့ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အခမ်းအနားမှာ ပါဝင်ချီတက်ဖို့အတွက် ဖိတ်ကြားခြင်းခံရတာဖြစ်ပါတယ်။ ဒီအချက်တွေကို ကြည့်ချင်းအားဖြင့် ကျွန်တော်တို့နှစ်နိုင်ငံရဲ့ ဆက်ဆံရေးဟာ ကာလကြာရှည် အခွန့်ရှည်ခဲ့ရုံသာမက နောင်မှာလည်း ယခုထက်ပိုပြီးတော့ အခွန့်ရှည်တည်တံ့ခိုင်မြဲသွားမှာ ဖြစ်ကြောင်း ယုံကြည်ပါတယ်။

သတင်းစဉ်



# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက်ရှိ စောင့်ရှောက်ရေးစခန်း၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံး/ဒဏ်ရာရမိသားစုများအတွက် ငွေကျပ် ၂၉၅၃၀၀၀၀၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုကူညီရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Center) က မီးဖိုချောင်သုံးပစ္စည်းများ ထောက်ပံ့ပေးဝေနေမှုများနှင့် အပြင်းအထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် တာဝန်ရှိသူများသည် ရန်နိုင်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ကျောင်းပရဝဏ် သန့်ရှင်းသာယာလှပရေး၊ စည်းကမ်းစနစ်တကျရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ကျောင်းအုတ်တံတိုင်းများ ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးနှင့် တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုတို့အတွက် ကျောင်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ နန်းဦးမြို့သစ်ရှိ လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ဝန်ထမ်းအိမ်ရာအဆောက်အအုံများ အကြီးစားပြင်ဆင်နေမှုနှင့် ယာယီအဆောက်အအုံဆောက်လုပ်နေမှုများ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများ၊ သောတပန်ရပ်ကွက်ရှိ ဗုဒ္ဓပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်တို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အဆောက်အအုံများ၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများ၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများအား စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ လက်ခံ/ထုပ်ရေးဌာနသို့ သွားရောက်ကာ ကူညီကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ပိုးတန်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီအောင်မြေလောကစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိက အဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများနှင့် မင်းလမ်းရပ်ကွက်ရှိ လူနေအဆောက်အအုံများနှင့် မိုးဇာရပ်ကွက်အတွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ရေပေးဝေရေးစက်ရုံကို ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ရေဝတီမြစ်ရေကို သန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

**ဌာပနာပစ္စည်းများအား စနစ်တကျထားရှိ**

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ယောမင်းကြီးအုတ်ကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ယောမင်းကြီးအုတ်ကျောင်း၊ အမရပူရမြို့နယ်ရှိ ဘကြီးတော်ဂူဘုရား၊ မာန်အောင်ရတနာ မဟာဗောဓိဆုတောင်းပြည့်မြတ်စွာဘုရားနေရာများ၌ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံအပျက်အစီးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆရာတော်ကြီးများအား အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်း တွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျထားရှိထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (ဒိုဘီကုန်း) ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများအား လက်ရှိလိုအပ်နေသော ယာယီကျောင်းဆောင်အား အမြန်ဆုံးဆောက်လုပ်ပေးနိုင်ရေး မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**တွေ့ဆုံအားပေးစကားပြောကြား**

ဆက်လက်၍ ချမ်းမြသာစည်မြို့နယ် လေဆိပ်အဟောင်းနေရာ၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ သန့်ရှင်းသော သောက်ရေသုံးရေဖူလုံစွာရရှိရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ ကူးစက်ရောဂါများမဖြစ်ပွားစေရေး၊ အမှိုက်များကိုစွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများအား လူဦးရေအချိုးအစားအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့အား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ရှိ ဌာနဆိုင်ရာရုံးများဖြစ်သော ခရိုင်ပို့ဆောင်ဆက်သွယ်ရေး စီမံကိန်းဦးစီးဌာနရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းရုံး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံး ၊ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေး (ဘေးမခအထွေထွေရောဂါကုဆေးခန်း)တို့ရှိ အဆောက်အအုံပျက်စီးမှုအခြေအနေများ၊ ရုံးလုပ်ငန်းများ ပြန်လည်လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တင်ပြရာ လမ်းညွှန်မှုခံယူသွားရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ မက်သဒစ်အသင်းတော် ဘုရားကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံများအား စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများကို ရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများ ထိခိုက်ဆုံးရှုံးမှုမရှိစေဘဲ စနစ်တကျရှင်းလင်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်မီးကြိုးများအား စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ထိခိုက်မှုမရှိစေရေးနှင့် အပျက်အစီးများအား အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေး တို့ကိုမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့်

*စာမျက်နှာ ၁၅ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ထားသော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန(ယာယီ) ရုံးတွင် ငလျင်ဒဏ်ကြောင့် ပျက်စီး/ပျောက်ဆုံးခဲ့သော နိုင်ငံသားမှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၁၄ မှ*

ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ အဆောက်အအုံ ၆၈၆၁ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့်အဆောက်အအုံ ၆၅၄၄ လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ ၃၁၇ လုံးမှ အဆောက်အအုံ ၂၈၇ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ကာ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ အလုံး ၃၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ခရိုင်)ရုံး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံမှ ဌာနပိုင်ပစ္စည်းများအား ယာယီရုံးဖွင့်လှစ်မည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ပျက်စီးသွားသော အဆောက်အအုံများမှ အရေးကြီးစာရွက်စာတမ်းများနှင့် ဌာနပိုင်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန်၊ ပြင်ဆင်အသုံးပြုနိုင်မည့်ပစ္စည်းများကိုလည်း စနစ်တကျပြင်ဆင်သုံးစွဲသွားရန်နှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှုများအား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အမြန်ဆုံးတင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ထားသော မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန(ယာယီ)ရုံး၌ ငလျင်ဒဏ်ကြောင့် ပျက်စီး/ပျောက်ဆုံးခဲ့သော နိုင်ငံသား မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်းများအား ပြန်လည်ပြုလုပ်ဆောင်ရွက်ပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုပေးလျက်ရှိသော မလေးရှားနိုင်ငံအခြေစိုက် MERCY Malaysia' Humanitarian Association အဖွဲ့မှ Mrs.Masniza ဦးဆောင်သော ဆေးကုသရေးအဖွဲ့၏ ကျောက်ဆည်ခရိုင်အတွင်းရှိ ဆေးကုသမှုခံယူရန် ရောက်ရှိနေသော လူနာများအား ဆေးကုသဆောင်ရွက်ပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။ အဆိုပါ မလေးရှားနိုင်ငံအခြေစိုက် MERCY Malaysia' Humanitarian Association အဖွဲ့သည် ဧပြီ ၃၀ ရက်မှစတင်ကာ ဆေးကုသမှုများပြုလုပ်ခဲ့ပြီး မေ ၉ ရက်တွင် မလေးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ရာ ၎င်းဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပျက်စီးသွားသော အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ဆဋ္ဌမမြောက်နေ့အဖြစ် ပြည်သူများ၏လက်ဝယ်သို့ ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်၌ ပျားရောဂါကာကွယ်ကုသရေး သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**စဉ့်ကိုင် မေ ၉**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲရုံးကကြီးမှူး၍ ပျားအုံများ ဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးကောင်းမွန်သော ပျားရည်များထုတ်လုပ်နိုင်ရန်၊ ပျားရောဂါကာကွယ်ကုသရေးနည်းလမ်းများကို စနစ်တကျအသုံးချပြီး ပျားရည်ဈေးကွက်များ ပိုမိုတိုးတက်လာကာ အကျိုးအမြတ်ပိုမိုရရှိလာစေရန်စသည်တို့ကိုရည်ရွယ်၍ ပျားရောဂါကာကွယ်ကုသရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ မြို့နယ်တာဝန်ခံရုံးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး တိုင်းဒေသကြီးတာဝန်ခံ ဦးမောင်တင့်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ဒုတိယညွှန်ကြားရေးမှူး တိုင်းဒေသကြီးတာဝန်ခံနှင့် နည်းပြဆရာငါးဦးတို့က သင်တန်းသား ၅၀ အား စာတွေ့လက်တွေ့ ပို့ချသင်ကြားပြီး အဆိုပါသင်တန်းကို မေ ၉ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## *နိုင်ငံတကာသတင်း*




# ပုပ်ရဟန်းမင်းကြီးအသစ်အဖြစ် သမိုင်းတွင် ပထမဆုံး အမေရိကန်နိုင်ငံသားတစ်ဦးကို ရွေးချယ်

**ဗာတီကန် မေ ၉**

ရိုမန်ကာသိုလစ်ချာ့စ်က သမိုင်းတွင် ပထမဆုံးအကြိမ် အမေရိကန်နိုင်ငံသား ပုပ်ရဟန်းမင်းတစ်ပါးကို ရွေးချယ်လိုက်ပြီဖြစ်သည်။ ကာဒီနယ်ရောဘတ်ဖရန်စစ် ပရီဗော့စ်သည် ရိုမန်ကာသိုလစ်ချာ့စ်ကို ဦးဆောင်သွားတော့မည်ဖြစ်သည်။

၎င်းသည် ၂၆၇ ဦးမြောက် ပုပ်ရဟန်းမင်းကြီးဖြစ်လာမည်ဖြစ်ပြီး ပုပ်ရဟန်းမင်းကြီး၏နာမည်မှာ Leo XIV ဖြစ်သည်။ မေ ၈ ရက်တွင် ဗာတီကန်မြို့တော်ရှိ St Peter’s Basilica လသာဆောင်၌ ထောင်နှင့်ချီသည့် လူအများရှေ့တွင် ထွက်ပေါ်လာခဲ့ပြီး နှုတ်ခွန်းဆက်စကားပြောခဲ့သည်။

အသက် ၆၉ နှစ်ရှိ ပုပ်ရဟန်းမင်းကြီးအသစ်ကို အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တွင် မွေးဖွားခဲ့သည်။

ပျံလွန်ခဲ့သည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ နက်ရှိုင်းသည့် ယုံကြည်မှုကို ရရှိခဲ့ပြီး ဆင်းရဲနွမ်းပါးသူများနှင့် ရွှေ့ပြောင်းအခြေချသူများကို ကူညီထောက်ပံ့ခြင်းအတွက် သူသည်အသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ၂၀၄၅ ခုနှစ် မတိုင်မီ ပိုင်ဆိုင်မှုအားလုံးနီးပါးကို လှူဒါန်းသွားမည်ဟု သူဌေးကြီးဘီလ်ဂိတ်စ် ပြော

**တိုကျို မေ ၉**

မိုက်ခရိုဆော့ဖ်ကုမ္ပဏီကို ပူးတွဲတည်ထောင်သူ ဘီလ်ဂိတ်စ်က လာမည့်နှစ်ပေါင်း ၂၀ အတွင်း ထိခိုက်လွယ်သူများကို ကူညီရန်အတွက် ဒေါ်လာ ဘီလီယံ ၂၀၀ ကျော် သို့မဟုတ် ၎င်း၏ကြွယ်ဝမှု အားလုံးနီးပါးကို လှူဒါန်းသွားမည်ဟု ပြောကြားသည်။

မေ ၈ ရက်က ထုတ်ပြန်သောကြေညာချက်တွင် ၎င်းသည် ငွေပမာဏအတိအကျသည် ဈေးကွက်များနှင့် ငွေကြေးဖောင်းပွမှုပေါ်တွင် မူတည်လိမ့်မည်ဖြစ်သော်လည်း ယခုအချိန်မှစ၍ ၂၀၄၅ ခုနှစ် ရောက်သည်အထိ ဂိတ်စ်ဖောင်ဒေးရှင်းက ဒေါ်လာဘီလီယံ ၂၀၀ ကျော် သုံးစွဲမည်ဟု ၎င်းက မျှော်မှန်းထားသည်။

အာဟာရချို့တဲ့မှုကြောင့် မိခင်နှင့်ကလေးသေဆုံးမှုလျော့နည်းစေရန်၊ ကူးစက်ရောဂါများ ကာကွယ်ရန်နှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးအတွက် အဓိကထား လှူဒါန်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။ လွန်ခဲ့သည့် ၂၅ နှစ်အတွင်း ၎င်း၏ဖောင်ဒေးရှင်းသည် ဒေါ်လာ ဘီလီယံ ၁၀၀ ကျော်ကို သုံးစွဲလှူဒါန်းခဲ့ပြီးဖြစ်သော်လည်း လာမည့် ဆယ်စုနှစ် နှစ်ခုတွင် နှစ်ဆတိုးလှူဒါန်းသွားမည်ဟု ၎င်းက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်အခွန်စည်းကြပ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို အခွင့်အလမ်းအဖြစ် အသုံးချရန် အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ ပြော

**မနီလာ မေ ၉**

အာရှနိုင်ငံများ၏စီးပွားရေးကို လှုပ်ခတ်စေနိုင်သည့် အမေရိကန်၏ အခွန်စည်းကြပ်မှုမှဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရင်း အန္တရာယ်များကို အခွင့်အလမ်းအဖြစ် ပြောင်းလဲသင့်သည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်အကြီးအကဲ ကန်တာမာစာတိုက ပြောကြားလိုက်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်သည် လုပ်ငန်းနယ်ပယ်များ၊ ဖြန့်ချိရေးကွင်းဆက်များနှင့် ကုန်သွယ်မှုဆိုင်ရာ မိတ်ဖက်များကျယ်ပြန့်လာစေရန် နိုင်ငံများကို ကူညီသွားရန် ရည်ရွယ်ထားကြောင်း၊ လွတ်လပ်သည့် ကုန်သွယ်မှုစနစ်အောက်တွင် စီးပွားရေးလမ်းပွင့်လန်းစေရန် နောက်ထပ်ကြိုးပမ်းမှုက အာရှတွင် ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းအောင် လုပ်ဆောင်သင့်ကြောင်း၊ ဥရောပနှင့် အခြားနိုင်ငံများ၌ ကုန်သွယ်မှုများကိုချဲ့ထွင်ရန် လိုအပ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် အားကောင်းသည့် ပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေးရန် အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အဆင်သင့်ရှိနေကြောင်း မာစာတိုက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## ကမ္ဘောဒီးယားနိုင်ငံသို့ သုံးလအတွင်း ကမ္ဘာလှည့်ခရီးသွား ၁ ဒသမ ၈၃ သန်း ဝင်ရောက်

**ဖနောင်ပင် မေ ၉**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမသုံးလပတ်တွင် နိုင်ငံတကာ ခရီးသွားဧည့်သည် စုစုပေါင်း ၁ ဒသမ ၈၃ သန်း ဝင်ရောက်ခဲ့ပြီး ယမန်နှစ် အလားတူကာလက ၁ ဒသမ ၅၈ သန်းထက် ပိုများခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနက မေ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

ယခုနှစ် ဇန်နဝါရီမှ မတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှုဇယားတွင် ထိုင်းနိုင်ငံသည် ထိပ်ဆုံးမှရပ်တည်နေပြီး ယင်းနောက်တွင် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ရှိနေကြောင်း အစီရင်ခံစာက ဆိုသည်။


ကမ္ဘောဒီးယားသို့ ထိုင်းနိုင်ငံသား ၅၀၁၆၆၆ ဦး၊ ဗီယက်နမ်နိုင်ငံသား ၃၀၄၆၃၄ ဦးနှင့် တရုတ်နိုင်ငံသား ၂၈၆၁၅၆ ဦးတို့ လာရောက်လည်ပတ်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

အစီရင်ခံစာအရ နိုင်ငံတကာ ခရီးသွား စုစုပေါင်း၏ ၄၂ ဒသမ ၉ ရာခိုင်နှုန်းသည် ကမ္ဘောဒီးယားသို့ လေကြောင်းဖြင့် ရောက်ရှိလာကြပြီး ၅၅ ဒသမ ၃ ရာခိုင်နှုန်းမှာ ကုန်းကြောင်းနှင့် ၁ ဒသမ ၈ ရာခိုင်နှုန်း ရေလမ်းခရီးဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းများ တင်ပို့ခြင်း၊ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏စီးပွားရေးကို ပံ့ပိုးပေးသည့် မဏ္ဍိုင်လေးခုအနက်မှတစ်ခုဖြစ်သည်။ **ဆင်ဟွာ**

# အောင်ခြင်းရှစ်ပါးကို ဆင်ခြင်၍ ပယ်သတ်ရမည့် အကုသိုလ်တရား

ဒေါက်တာမြတ်မိုး

ထူးခြားမှုများစွာနှင့် ပြည့်နေသော ဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ ကမ္ဘာ့ဗုဒ္ဓဘာသာနေ့၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ ဤနေ့ ဤရက် ဤကာလဝန်းကျင်ရောက်တိုင်း မြတ်စွာဘုရား၏ အောင်မြင်ခြင်းအစုစုကို အဖန်ဖန် သတိရဆင်ခြင်မိသည်။ အဓမ္မကို ဓမ္မက ဘယ်လိုအောင်နိုင်ခဲ့ပါသလဲ သုံးသပ်နိုင်ခဲ့သည်။ ခေတ်တွေ၊ သူသူငါငါ မထားနိုင်သည့် ပါရမီတရားများဖြင့် ရန်သူကိုအောင်နိုင်ခြင်း၊ ကိလေသာကိုအောင်မြင်ခြင်းမှတစ်ဆင့် ငြိမ်းချမ်းခြင်းကို မည်သို့ရရှိစေခဲ့ပါသလဲ။









**ငြိမ်းချမ်းခြင်းကို ဓမ္မဖြင့်သာ အမှန်တည်ဆောက်နိုင်မည်ဟု ယုံကြည်**

ကမ္ဘာ့ဗုဒ္ဓဘာသာနေ့အဖြစ် ၁၉၉၉ ခုနှစ် ကုလသမဂ္ဂညီလာခံမှ အစပြုခဲ့ရာက နိုင်ငံတကာရုံးပိတ်ရက်အဖြစ် ဗုဒ္ဓဘာသာကို လေးလေးစားစား အသိအမှတ်ပြု သတ်မှတ်ပေးခဲ့ခြင်းသည် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်အပေါင်းအတွက် အထူးတလည် ဂုဏ်ယူစရာဖြစ်ရပါသည်။ ပိုပြီးလေးနက်သွားတာက ဗုဒ္ဓတရားတော်များ၊ ဗုဒ္ဓအကျင့်အကြံအားလုံးက လက်တွေ့ကျကျပင် အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းကို ပေးစွမ်းနိုင်သည်ဟု ကမ္ဘာကြီးက လက်ခံလာကြခြင်းပင်ဖြစ်သည်။

အကြောင်းရင်းက ဗုဒ္ဓတရားတော်များတွင် အမှန်တကယ် နာယူ၊ လေ့လာ၊ ကျင့်ကြံပွားများအားထုတ်က ကာယသုခ၊ စိတ္တသုခနှစ်ဖြာသော ကိုယ်စိတ်ကျန်းမာ ချမ်းသာခြင်းကို တိုက်ရိုက်ပေးစွမ်းသည့် ဂုဏ်အင်များရှိနေခြင်းကြောင့် ဖြစ်သည်။ တစ်ဦးချင်း ကိုယ်၊ စိတ်အေးချမ်းမှုမှ မိမိ၏ ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်း၊ နိုင်ငံတိုင်းပြည်၊ ထိုမှသည် ကမ္ဘာကြီးအထိ ငြိမ်းချမ်းခြင်းများ ပျံ့နှံ့တိုးပွားနိုင်စေ၍ဖြစ်ပါသည်။ သို့ဖြစ်လျှင် ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ ဗုဒ္ဓဘာသာဝင်အများစုကြီးနေထိုင်ရာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာကော ဗုဒ္ဓ၏ အဆီအနှစ်များကို နှစ်နှစ်ကာကာ စားသုံးပြီး မငြိမ်းချမ်းသေးသည့် နိုင်ငံတော်ကြီးကို လျင်လျင်မြန်မြန် ငြိမ်းချမ်းအောင် ဓမ္မတရားဖြင့် မတည်ဆောက်နိုင်ကြဘူးလား။

မြတ်ဗုဒ္ဓ၏ သားတွေသမီးတွေပဲ။ ဆန္ဒ၊ စိတ္တ၊ ဝီမံသာ၊ ဝီရိယ၊ ဤအဓိပတိလေးပါးအားကြီးမှုဖြင့်လည်းကောင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုအပ်သော အမြင့်မြတ်ဆုံးသောတရားများဖြင့်လည်းကောင်း အမှန်တကယ်ကို တည်ဆောက်နိုင်သည်ဟု ယုံကြည်ပါသည်။

**ထူးခြားမှုများဖြင့်**

ကဆုန်လပြည့် ထူးမြတ်သောဗုဒ္ဓနေ့ပါတဲ့။ ဗျာ ဖွား ပွင့် စံ ဟူ၍ ဘယ်လောက်တောင် ထူးခြားမြင့်မြတ်နေပါသလဲ။ ဤနေ့ဤအခါတွင် ဘုရားအလောင်းတော် သုမေဓာရသေ့သည် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်ဟူ၍ ဒီပင်္ကရာမြတ်စွာဘုရားထံတွင် နိယတဗျာဒိတ်တော်ခံယူခဲ့ပြီး ခရစ်တော်မပေါ်မီ နှစ်ပေါင်း၂၆၀၀ (ဘီစီ-၆၂၃)၊ မဟာသက္ကရာဇ်-၆၈ ခုနှစ် ဤနေ့ကဆုန်လပြည့်သောကြာနေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့ပါသည်။

မဟာသက္ကရာဇ် -၁၀၃ ခုနှစ် (ဘီစီ-၅၈၈)တွင် ဂေါတမဘုရားအလောင်းတော်အဖြစ် သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူ၍ ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့ အရုဏ်တက်ချိန်တွင် ဘုရားဖြစ်တော်မူခဲ့သည်။ ဘုရားပွင့်ပြီး နောက်တစ်နှစ်တွင် ဗုဒ္ဓဝင်အကျဉ်း ဟောတော်မူခဲ့သည်မှာလည်း ဤကဆုန်လပြည့်နေ့တွင်ဖြစ်သည်။ ဘုရားရှင်ပရိနိဗ္ဗာန်စံဝင်တော်မူသည်မှာလည်း မဟာသက္ကရာဇ်- ၁၄၈ ခုနှစ် (ဘီစီ-၅၄၃) ကဆုန်လပြည့် အင်္ဂါနေ့ ဤနေ့တွင်ပင်ဖြစ်သည်။ ဤမျှထူးခြားမှုများကြောင့်ပင် မြတ်စွာဘုရားနှင့် ဂုဏ်တော်များကို အလေးထားပူဇော်ရှိခိုးကြခြင်းဖြစ်ပါသည်။

**ဘယ်သူတွေ အဘယ်တရားတွေကို အနိုင်ယူခဲ့ပါသလဲ**

မြတ်စွာဘုရားသည် အောင်မြင်ခြင်းများစွာနှင့် ပြည့်စုံတော်မူသည်ဟု ဆိုခဲ့ပါသည်။ ဘာတွေကို ဘယ်လိုအောင်နိုင်ခဲ့လို့ပါလဲ။ အောင်တော်မူခြင်း အောင်ခြင်းရှစ်ပါးတရားတော်ကို နာယူခဲ့ကြဖူးမည်ဖြစ်ပါသည်။

မြတ်စွာဘုရားသည် မာရ်နတ်ကိုလည်းကောင်း၊ အာဠဝကဘီလူးကိုလည်းကောင်း၊ နာဠာဂီရိဆင်ကိုလည်းကောင်း၊ အင်္ဂုလိမာလကိုလည်းကောင်း၊ စိဉ္စမာဏကိုလည်းကောင်း၊ သစ္စကပရိဗိုဇ်ကိုလည်းကောင်း၊ နန္ဒောပနန္ဒနဂါးမင်းကိုလည်းကောင်း၊ ဗကဗြဟ္မာကိုလည်းကောင်း အောင်နိုင်တော်မူခဲ့သည်။ အမှန်တကယ် ရတနာသုံးပါးကို မကြည်ညို၊ အနိစ္စ ဒုက္ခ အနတ္တကို မသိ၊ သစ္စာလေးပါးအမှန်ကို မသိ၊ မိစ္ဆာအယူစွဲ ဝါဒစွဲ ပုဂ္ဂိုလ်စွဲ အမျိုးမျိုးရှိကြသည့် လောဘ ဒေါသ မောဟတရားဆိုးများဖုံးလွှမ်းနေသည့် ရန်သူအမျိုးမျိုးကို အောင်နိုင်တော်မူခဲ့ခြင်းဖြစ်သည်။

တစ်နည်း ဓမ္မက အဓမ္မကို အောင်မြင်တော်မူခဲ့ခြင်းဖြစ်ပြီး ကုသိုလ်တရားက အကုသိုလ်တရားကို အနိုင်ယူခဲ့ခြင်း၊ အစိုးမရ အနတ္တက အတ္တကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မိမိတို့မှာ မမြဲ၊ ဆင်းရဲ၊ အစိုးမရသော ရုပ်နမ်နှစ်ပါး၊ ခန္ဓာငါးပါးပဲရှိသည်၊ ဘာမှမမြဲ ဆင်းရဲခြင်း အနတ္တဟူသည့် ဓမ္မတရားက မြဲသည်၊ ချမ်းသာသည် အတ္တဖြစ်သည်ဟု သဿတမိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော အဓမ္မတရားတို့အား အနိုင်ယူခဲ့ခြင်းဖြစ်သည်။

အကယ်၍ အတ္တကအမှန်ဆိုပါက ဤရုပ်ဤခန္ဓာကို ဟိုလိုဖြစ်စေ၊ ဒီလိုဖြစ်စေဟုခိုင်း၍သော်လည်းကောင်း ရုပ်တန့်ခိုင်း၍သော်လည်းကောင်း ရကို ရရပေမည်။ မအိုနှင့်၊ မနာနှင့်၊ မသေနှင့်ဟု တား၍လည်း ရကောင်းရနိုင်ပါလိမ့်မည်။ သို့သော် လက်တွေ့မှာ ထိုသို့မဟုတ်၊ တား၍သာရပါက ဘယ်သူမှ အို၊ နာ၊ သေ ဖြစ်ကြမည်မဟုတ်ပါ။ ဤသို့ ဓမ္မက အဓမ္မကို အနိုင်ယူခြင်းဖြင့် မငြိမ်းချမ်းမှုမှ ငြိမ်းချမ်းမှုသို့လည်းကောင်း၊ မတည်ငြိမ်ခြင်းမှ တည်ငြိမ်ခြင်းသို့လည်းကောင်း ရှေးရှုသည်ဖြစ်ခဲ့သည်၊ လောကကြီးကို အကောင်းဘက်သို့ ဦးတည်စေခဲ့ပြီး အောင်အတိတ်အောင်နိမိတ်ကိုလည်း ဆောင်ယူရာရောက်ခဲ့ပါသည်။

အောင်ခြင်းရှစ်ပါးမှာ မြတ်စွာဘုရားအောင်နိုင်ခဲ့သော ပုဂ္ဂိုလ်သတ္တဝါများတွင် လူ၊ နတ်၊ ဗြဟ္မာ၊ နဂါး၊ ဘီလူး၊ ဆင်စသည်တို့မှာ အင်အားအဆမတန်ကြီးမားသူများ ဖြစ်ကြသည်။ သို့သော် သူတို့ကို အသိဉာဏ်ပညာကင်းမဲ့သူများအဖြစ် မြတ်စွာဘုရားက ဝေဖန်ခဲ့သည်။ အသိဉာဏ်ကင်းမဲ့သူများဖြစ်၍လည်း အင်္ဂုလိမာလကဲ့သို့ သူများကုန်းချောကုန်းတိုက်စကားကို အလွယ်ယုံပြီး လူသားများကို သတ်ဖြတ်သောင်းကျန်းသူများအဖြစ် မိုက်တွင်းနက်ခဲ့ကြခြင်းဖြစ်သည်။ အာဠဝကဘီလူးကဲ့သို့ ပညာမရှိဘဲ ပညာချင်းပြိုင်၊ ဘုရားရှင်အပေါ် မနာလိုမုန်းတီးသူလည်း ပါခဲ့သည်။ ထို့ကြောင့်သာ ကြောက်မက်ဖွယ် နောက်ပါအခြံအရံ အလွန်ပေါများပြီး သာလွန်သော စစ်တပ်လက်ရုံး လက်နက်အင်အားအမြောက်အမြားကို မာရ်နတ်ကဲ့သို့ ပိုင်ဆိုင်သော်လည်း မြတ်စွာဘုရားကို အနိုင်မရခဲ့ခြင်းဖြစ်သည်။ ဗကဗြဟ္မာမင်းကဲ့သို့ အချို့သော ရန်သူများမှာ ပညာရှိသူတော်ကောင်းယောင်ဟန်ဆောင်ပြီး မာန်တက်ကြသည့်အတွက်လည်း ယုံကြည်သူ အများစုက သူတို့ကို ပညာရှိများအဖြစ် ထင်မှတ်မှားခဲ့ကြသည်။

သို့သော် အရပ်လေးမျက်နှာက တိုက်ခိုက်လာသည့် အင်အားများပြားသော ရန်သူထုကြီးကို မြင်ရကြားရသောအခါ မြတ်စွာဘုရားကလွဲ၍ မည်သည့်နတ်၊ ဗြဟ္မာမဆို အလွန်ကြောက်ရွံ့ထိတ်လန့်ပြီး မည်သို့မှ ရပ်တည်ရန် မစွမ်းနိုင်ကြဘဲ လွတ်ရာသို့ ပြေးလွှား ရှောင်ပုန်းရသည်ချည်းဖြစ်သည်။ ဘုရားရှင်အား စွပ်စွဲပုတ်ခတ်စော်ကားခဲ့သည့် စိဉ္စမာဏဝိကာပရိဗ္ဗိုဇ်မဆိုလျှင် မြေကြီးဟက်တက်ကွဲ မြေမျိုခံခဲ့ရရှာသည်။ မြတ်စွာဘုရားနှင့် တွေ့ရ၊ ပူဇော်ခွင့်ရသည့် နန္ဒောပနန္ဒနဂါးမင်းကဲ့သို့ အချို့ရန်သူများသည် သူတို့၏အတ္တဘောကို စွန့်လွှတ်၍ မူလအရိုင်းဘဝမှ ယဉ်ကျေးသိမ်မွေ့ကုန်ကြသည်လည်းရှိကာ အချို့မှာ သံဝေဂရ အကျွတ်တရားရပြီး ရဟန်းဘဝခံယူသွားသည်အထိလည်း ဘုရားရှင်၏ အောင်မြင်မှုများကို တွေ့ရမည်ဖြစ်ပါသည်။

**ဘယ်လိုတရားတွေကြောင့် မြတ်စွာဘုရားကို အနိုင်မယူနိုင်ခဲ့ပါသလဲ**

သို့သော် နောက်ဆုံးမှာရန်သူများသာ ထွက်ပြေးရတော့သည်။ ရန်သူတို့မှာ အင်အားကြီးမားသော်လည်း မြတ်စွာဘုရားကို ဘာကြောင့် အနိုင်မယူနိုင်ခဲ့ကြပါသလဲ၊ စဉ်းစားဆင်ခြင်ကြည့်သည့်အခါ ရန်သူတို့သည် မြတ်စွာဘုရား၏ ကုသိုလ်ပါရမီအထူးထူးကို လုံးဝမယှဉ်နိုင်ခြင်းကြောင့် ဖြစ်ကြောင်း ဆင်ခြင်ကြည့်နိုင်ပါသည်။ ပါရမီဆယ်ပါးအပြား သုံးဆယ်မှာ မေတ္တာပါရမီ ဥပေက္ခာပါရမီ ပညာပါရမီတို့၏အစွမ်းကား အလွန်ကြီးမားပါပေစွ။ ဘုရားအလောင်းတော်ဘဝ ကာမဂုဏ်အာရုံတို့အား ငြီးငွေ့လွန်း၍ ကာမဝိတက်တို့ ဝေးရာသို့ နန်းစည်းစိမ်အပါအဝင် စည်းစိမ်အားလုံးကို စွန့်လွှတ်ပြီး တောထွက်ခဲ့သည့် ပါရမီအစွမ်းကလည်း အောင်မြင်ခြင်းအတွက် ပံ့ပိုးပေးပါသည်။

စတုတ္ထစျာန်ဝင်စားပြီး သမာပတ်ရကာ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသာဟူသော ဣဒ္ဓိပါဒ်လေးပါးနှင့် ပြီးပြည့်စုံပြီးသားဖြစ်သည့်အတွက် တန်ခိုးအရာယှဉ်ပြိုင်ရာမှာ ထင်ရှားလှသော ထူးချွန်မှုများစွာကို ပြသနိုင်ခဲ့ကြောင်းတွေ့ရပါသည်။ တန်ခိုးဖြင့်မယှဉ်၊ လက်ရုံးအားမကိုး၊ မေတ္တာတရားဖြင့် ဖြေပြ၊ ဟောပြရုံဖြင့် သောတာပန်တည်ခဲ့သော အာဠဝကဘီလူးမင်းကိုလည်း သာဓကခေါ်စရာဖြစ်ခဲ့ပါသည်။ အမြတ်ဆုံးသော လောကီ လောကုတ္တရာ သဒ္ဓါတရား၊ လူနတ်နိဗ္ဗာန်ချမ်းသာကို ပေးစွမ်းသည့် ဒါန၊ သီလ၊ ဘာဝနာ၊ အကောင်းဆုံးသော အရသာဖြစ်သည့် သစ္စာတရား၊ ပညာဖြင့်သာ အသက်ရှည်ခြင်းဖြစ်သည်ဟူသော အာဠဝကဘီလူးနှင့် ဘုရားရှင် အမေးအဖြေများ၊ သဒ္ဓါ၊ သတိ ၊ ပညာ၊ ဝီရိယ တရားတွေက ကိလေသာများကို ကင်းစင်စေပြီး ဘဝသံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်သည့် တရားများဖြစ်သည်ဟူ၍ ဘီလူးကို ဖြေကြားခဲ့ပုံများမှာလည်း တကယ့်ဓမ္မအနှစ်များပင်ဖြစ်သည်ဟူ၍ ဆင်ခြင်မိပါသည်။

မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးကို ဆင်ခြင်၍ အဓမ္မကို ဓမ္မက ဘယ်လို လက်နက်အသွယ်သွယ်ဖြင့် အနိုင်ယူနိုင်မည်လဲ သံဝေဂယူပြီး သင်ခန်းစာထုတ်၊ လက်တွေ့ကျင့်ကြံ ကြိုးစားရန်

စာမျက်နှာ ၁၇ သို့

**❝ မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးကိုဆင်ခြင်၍ အဓမ္မကို ဓမ္မက ဘယ်လို လက်နက်အသွယ်သွယ်ဖြင့် အနိုင်ယူနိုင်မည်လဲ သံဝေဂယူပြီး သင်ခန်းစာထုတ်၊ လက်တွေ့ကျင့်ကြံကြိုးစားရန် ဆုံးဖြတ်မိပါသည်။ မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုများဖြင့် ပြည့်နေသည့် ကမ္ဘာကြီးမှာ တည်ငြိမ်ငြိမ်းချမ်းမှုကို ပေးနိုင်စွမ်းသည့် လက်နက်များကို အနှစ်ထုတ်အရယူနိုင်ရပါမည်။ မြတ်စွာဘုရားရှင်ကဲ့သို့ မြင့်မြတ်သူတို့၏ လုပ်ငန်းစဉ်များအတိုင်း ထိုဓမ္မလက်နက်များဖြင့် ဖြည့်စွမ်းနိုင်သွားလျှင် အောင်မြင်ခြင်းကို မလွဲမသွေ ရရှိမည်ဟု မုချယုံကြည်ပါသည် ❞**

# တောင်ငူမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး (၄၄၇)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**တောင်ငူ မေ ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၏ ကျက်သရေဆောင်ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး (၄၄၇)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ရွှေဆံတော်စေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ဦးရှေ့၌ ကျင်းပသည်။



ဦးစွာ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က ပွဲတော်ကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်အောင်၊ ခရိုင်တရားသူကြီး ဦးမိုးကြည်မောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်လင်းအောင်၊ ဂေါပကအဖွဲ့ဝင် ဦးရဲဝင်းနှင့် ဂေါပကအဖွဲ့ဝင် ဦးဌေးလင်းတို့က ရွှေဆံတော် စေတီတော်မြတ်ကြီး၏ (၄၄၇) နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။


တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ (၄၄၇)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ဘုရားအနေကဇာတင်ပွဲ၊ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့် ဘုရားပွဲတော်ကို မေ ၄ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး စွယ်တော်မြတ် နှစ်ဆူ လှည့်လည်ပူဇော်ပွဲကို မေ ၁၁ ရက်(ကဆုန်လပြည့်နေ့) ညနေ ၃ နာရီတွင် မြို့တွင်းသို့ ဝင်းခင်းသဘင်ဖြင့် စည်ကားသိုက်မြိုက်စွာ လှည့်လည်ပူဇော်ခံ၍ ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်ပေါ်တွင် လက်ယာရစ်တစ်ပတ်ပတ်ပြီး အနောက်မြောက်ထောင့်ရှိ ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

# အုတ်တွင်းမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လျှပ်စစ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးသွားသော အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

**အုတ်တွင်း မေ ၉**

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ အုတ်တွင်းမြို့နယ်အတွင်းရှိ လေပြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးသွားသော ရပ်ကွက်/ကျေးရွာအုပ်စု ၃၂ အုပ်စုမှ အိမ်ထောင်စု ၅၇၀၊ လုံးဝပျက်စီးလူနေတဲအိမ် လေးလုံးတို့အတွက် တစ်လုံးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ လုံးဝပျက်စီးလူနေတိုက် အိမ် ၃၁ လုံးတို့အတွက် တစ်လုံးလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ် ၅၃၅ လုံးတို့အတွက် တစ်လုံးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း စုစုပေါင်း အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၃၃၃၅၀၀၀၀ နှင့် လုံးဝပျက်စီးလူနေအိမ် ၃၅ လုံးတို့အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ၃၅ ပုံး၊ လေပြင်းဘေးသင့်လူဦးရေ ကျား ၁၂၂၈ ဦး၊ မ ၁၃၄၆ ဦး ပေါင်း ၂၅၇၄ ဦးတို့အတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၂၈၇၀၀၀၀၊ လုံးဝပျက်စီးဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းတို့အတွက် တစ်ကျောင်းလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်း၊ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်း ၂၇ ကျောင်းတို့အတွက် တစ်ကျောင်းလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း စုစုပေါင်း ကျောင်းဆောက် ပစ္စည်းထောက်ပံ့ ငွေကျပ် ၃၃၅၀၀၀၀၊ စုစုပေါင်း ငွေကျပ် ၄၉၅၇၀၀၀၀ ကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သီရိရတနာခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ အိမ်ဆောက်ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမြင့်ဇော်နှင့် တောင်ငူခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်စမ်းဦးတို့က လျှပ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးသွားသော ရပ်ကွက်/ကျေးရွာအုပ်စု ၃၂ အုပ်စုမှ အိမ်ထောင်စုများနှင့် ဘုန်းတော်ကြီးကျောင်းတို့အား တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ကျောက်တံတားမြို့နယ်၌ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၌ ပြည်တွင်းရေကြောင်းငွေစုငွေချေး သမဝါယမအသင်းလီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပန်းဆိုးတန်းလမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရုံးချုပ်) မှ ငွေစုငွေချေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုဝင်း၊ မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒာအေးဝင်းတို့ အမှာစကားပြောကြားပြီး အသင်းသားများအား စုဆောင်းငွေပေါ်အတိုး ၁၂၁၀၃၉၃၅ ကျပ် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

ဆုံးဖြတ်မိပါသည်။ မငြိမ်းချမ်းမှု ၊ မတည်ငြိမ်မှုများဖြင့် ပြည့်နေသည့် ကမ္ဘာကြီးမှာ တည်ငြိမ် ငြိမ်းချမ်းမှုကို ပေးနိုင်စွမ်းသည့် လက်နက်များကို အနှစ်ထုတ်အရယူနိုင်ရပါမည်။ မြတ်စွာဘုရားရှင်ကဲ့သို့ မြင့်မြတ်သူတို့၏ လုပ်ငန်းစဉ်များအတိုင်း ထိုဓမ္မလက်နက်များဖြင့် ဖြည့်စွမ်းနိုင်သွားလျှင် အောင်မြင်ခြင်းကို မလွဲမသွေရရှိမည်ဟု မုချယုံကြည်ပါသည်။

တကယ်တမ်း သတ်ရမည့်အရာ၊ ပယ်ရှားရမည့်အရာမှာ လူပုဂ္ဂိုလ်တွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ ဘီလူးတွေ၊ နဂါးတွေ၊ ဆင်တွေစသည် အထည်ကိုယ်တွေမဟုတ်ပါ။ သတ္တဝါတွေသဏ္ဍာန်မှာ အမှန်ကိန်းအောင်းနေသည်မှာ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ အယူမှားစသည့် ကိလေသာတရားဆိုးများသာဖြစ်သည်ကို မြင်အောင်ကြည့်ကြပါစို့လား။ တရားကိုမြင်၍ တရားကိုတကယ်ချစ်လျှင် မရှိသူတွေကို ပေးကမ်းစွန့်ကြဲပြီး သီလလုံအောင်ထိန်းကြမည်၊ အကောင်း၊ အဆိုးအာရုံတွေအပေါ် နှလုံးသွင်းမှန်၍ တတ်နိုင်သမျှ အကုသိုလ်မဖြစ်အောင် ဝီရိယထားကျင့်ကြံကြိုးစားကြမည်၊ ဓမ္မဒါန ဓမ္မပညာများ အပြန်အလှန်မျှဝေကြမည်၊ မေတ္တာထား၍ သည်းညည်းခံကြမည်၊ မှန်သောစကားသာဆို၍ ချစ်လွန်၊ မုန်းလွန်ကို တတ်နိုင်သမျှ လျှော့ချကာ ဥပေက္ခာထား၍ အကုသိုလ်တရားဆိုးများ မဝင်အောင် ကာကွယ်ခြင်းဖြင့် ဆောင်ကုသိုလ်များ ပွားများလာအောင် ကြိုးစားကြမည်ခံယူထားရပါမည်။

ဤသို့ဖြင့်သာ ဓမ္မက အဓမ္မကို အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်၍ဖြစ်ပါသည်။

## ဗျာဖွားပွင့်စံ လေးတန်ဆုံတွေ့ ဗုဒ္ဓနေ့

❖ တန်ခူးရေကုန်၊ ကဆုန်ရေခန်း
ရိန္နမ်းခြောက်သွေ့၊ လေပူငွေ့တိုင်း
မဆိုင်းမတွ၊ ရွက်ကြွေကျသည့်
မြတ်လှညောင်ပင်၊ ဗောဓိရှင်ကို
သစ်လွင်စိုလန်း၊ ရည်ရွယ်မှန်း၍
သွန်းဖျန်းကြသည်၊ ဤရာသီကို
ခေါ်မည်တွင်ကြ ကဆုန်လ။

❖ မင်းလွင်အို့ပျံ့၊ မြေသင်းနံ့ထုံ
ဤကဆုန်ဝယ်၊ ပဇ္ဇုန်ရိုက်မြည်
မိုးသံဟီလည်း၊ မပီမသ
မိုးစက်လှုကာ၊ စီးကျယိုဖိတ်
တိတ်ဆိတ်နည့်ပ၊ မဝံ့မရဲ
ရွာသွန်းဆဲမို့ ငှက်လည်းသာထွေ
ယုဂန်ဇွေတွင်၊ တိမ်ခြေတစ်ဖုံ
ဂဠုန်လိုဝဲ၊ အသည်းခိုက်မျှ
သာစွပုံသွင်၊ အလှဆင်သည်
လတွင်ကဆုန်၊ အံ့မကုန်တည့်။

❖ ဗျာဖွားပွင့်စံ၊ ဤလေးတန်ကား
မှတ်ရန်ကဆုန်၊ လပြည့်ကြုံဟု
မှတ်တံဗိုလ်လူ၊ ကြည်ဖြူသဒ္ဓါ
ပွားများရာတွင်၊ ဖူးလာလက်စုံ
မြတ်ကဆုန်တည့်။


❖ ရာသီပြိုသ၊ ယှဉ်ပြိုင်လနှင့်
ထွန်းပရောင်ဝါ၊ ဝိသာခါက
မြတ်ဗုဒ္ဓနေ့၊ စိတ်ချမ်းမြေ့လျက်
မမေ့စေကြောင်း၊ စဉ်လာကောင်းဖြင့်
ဆုတောင်းခါခါ၊ ပြုကြပါသည်
ဘယ်ခါရွှေ့ရွှေ့ တို့မမေ့။ ။

**ဘိုမျိုး(ရွှေဘို)**

# ဝါးရှက်ကြိုးပြင်ကာကွယ်တော သတ်မှတ်

**နေပြည်တော် မေ ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၆၃၈၃ ဧကရှိသော နယ်မြေကို **“ ဝါးရှက်ကြိုးပြင်ကာကွယ်တော”** အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၄၃/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ ကဆုန် လဆန်း ၄ ရက်(၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များအား ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်ရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများ ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးဝိုင်း / ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ဝါးရှက်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော သဘာဝပေါက်ပင်များဖြစ်သည့် ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ ထောက်ကြံ့၊ သစ်ရာ၊ ဘင်္ဂ၊ နှော၊ သဒီ၊ နဘဲ၊ ယမနေ၊ ရင်းတိုက်၊ သစ်အယ် စသည့်သစ်မျိုးများအား ထိန်းသိမ်း နိုင်မည်ဖြစ်ခြင်း၊ မျောက်၊ တောဝက်၊ ချေ၊ ယုန်၊ တောကြောင်၊ ခွေးအ၊ ရှဉ့်၊ ချိုး၊ ခါ၊ ငှက်နွား စသည့် တိရစ္ဆာန်ငယ်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးအတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မန္တလေးလျှောင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ ကျင်းပသွားမည်

**ရန်ကုန် မေ ၉**

မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို မေ ၁၀ ရက် မှ ၁၂ ရက်အထိ ညနေ ၆ နာရီမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကပြဖျော်ဖြေသွားမည်ဖြစ်သည်။

မေ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအစီအစဉ်ဖြင့်လည်းကောင်း၊ မေ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့်လည်းကောင်း၊ မေ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့်လည်းကောင်း ဖျော်ဖြေသွားမည်ဖြစ်သည်။

မေ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နာမည်ကျော်ရုပ်ရှင်အနုပညာရှင်များ၏ ဇာတ်ဝင်တေးသီချင်းများကိုလည်းကောင်း၊ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်တင်ဆက်သည့် ဒါရိုက်တာ သန်းထိုက်(ရွှေရိပ်)၊ သရုပ်ဆောင် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မင်းတော်ဝင်၊ ခင်ဇာခြည်ကျော်၊ အေးဝတ်ရည်သောင်း၊ မမဆောင်းနှင့် သရုပ်ဆောင်များစွာပါဝင်သော **“အချစ်ဆုံးအပေါင်ဆိုင်”** ဟာသ တစ်ခန်းရပ်ပြဇာတ်ကိုလည်းကောင်း၊ HEY Play Application က စီစဉ်တင်ဆက်သည့် ဒါရိုက်တာ တင်မောင်ဆန်းမင်းဝင်း၏ နက္ခတ်၊ စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ နော်ဖော်အယ်ထား၊ မေပန်းချီ၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာပါဝင်သော **“ပြည်သူ့အချော့တော်”** တေးသရုပ်ဖော်ပြဇာတ်ကိုလည်းကောင်း၊ Bo Bo ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Triple Six ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် ဒါရိုက်တာ စိုးမိုးမင်း၊ သက်ဦးမောင်၊ သရုပ်ဆောင် ကောင်းမြတ်စံ၊ ရှင်မွေလ၊ မင်းဘုန်းမြတ်၊ ခြူးလေး၊ ခြူးစစ်ဟန်တို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **“ငါတို့အားလုံးလူ ... အတူတူ”** ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာ ညိုမင်းလွင်၏ ရန်အောင်၊ သားညီ၊ မာန်ဟိန်း၊ စည်သူမောင်၊ မြယာတို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **“ဖုတ်သွင်းရထား”**




ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ သရုပ်ဆောင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ ရဲလေးနှင့် သရုပ်ဆောင်များ၊ အကအဖွဲ့များပါဝင်သည့် **“မနက်ဖြန်များ လှပါစေ”** တေးအော်ပရာကိုလည်းကောင်း ဝေဝေဆာဆာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် ဂီတအနုပညာရှင်များဖြစ်သည့် နွဲ့ယဉ်ဝင်း၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ ကိုင်ဇာ၊ စည်သူလွင်၊ ဇော်ပိုင်၊ ဝေလ၊ ပူစူး၊ စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ လွှမ်းပိုင်၊ မေခလာ၊ L ဆိုင်းဇီ၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ မီးနို၊ ဆိုင်စံ၊ ချမ်းမြေ့မောင်ချို၊ အိုင်းရင်းဇင်မာမြင့်တို့၏ သီဆိုဖျော်ဖြေမှုကို ဥက္ကာဦးသာနှင့် Immortal Band တို့ ပေါင်းစပ်အားဖြည့်ထားသည့် ဂီတဖျော်ဖြေပွဲအား တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် နာမည်ကျော် ဇာတ်သဘင်မင်းသား၊ မင်းသမီးများ၏ တေးအော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွားအစီအစဉ်များအပြင် ဆပ်ကပ်အဖွဲ့၏ တင်ဆက်မှုများဖြင့် အားဖြည့်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ပဒေသာကပွဲကို အားပေးလိုသူ အနုပညာချစ်ပရိသတ်များအနေဖြင့် Hot Line နံပါတ်များဖြစ်သော ၀၉-၈၈၀၉၄၂၇၉၂၊ ၀၉-၈၈၀၉၄၂၇၉၃ တို့အား ဆက်သွယ်မေးမြန်း၍ လက်မှတ်များ ဝယ်ယူအားဖြည့်ကုသိုလ်ပါဝင်နိုင်ကြောင်း သိရသည်။ **FDC**


# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြိုးနိုင်

**နေပြည်တော် မေ ၉**

ယနေ့ညနေ ၄ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ မေ ၁၂ ရက်မှ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြိုးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုကြောင်းပျံ့သန်းရေး အနေဖြင့်

**၁၀-၅-၂၀၂၅ ရက်နေ့မှ ၁၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်ပြပုံ**




လည်း ကြိုတင်သတိပြုနိုင်ပါရန်နှင့် ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံ့သန်းရေး အနေဖြင့် ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေး၊ သောက်သုံးရေများ ဖူလုံစွာပြန်လည်ရရှိရေးအတွက် ဆောင်ရွက်နေမှုများစစ်ဆေး

**နေပြည်တော် မေ ၉**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူနှင့်အတူ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးပြိုကျခဲ့သော အဆောက်အအုံများ ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်း အဆိုပြုလျာထား မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြေစမ်းသပ်မှု (Soil Test) များ စနစ်တကျ ဆောင်ရွက်ရေး၊ ဇရိယာနယ်နိမိတ်များ သတ်သတ်မှတ်မှတ် ရှင်းလင်းဆောင်ရွက်ထားရေး၊ အကွက်ချပုံစံများ စနစ်ကျပြုစု ထားရှိရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မာရဝိဇယ ဘုရား ကားကြီးရပ်နားရန်နေရာ ပြန်လည်ပြုပြင်နေမှု အခြေအနေနှင့် ဥတ္တရသီရိမြို့နယ် မန္တလေးလမ်းရှိ စက်စက်ယိုချောင်း ရေစီးရေလာကောင်းမွန်စေရေး ပြန်လည်တူးဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် သီရိရတနာလမ်းနှင့် မြတ်လေးလမ်းတို့တွင် ပင်မရေပိုက်လိုင်းများနှင့် ရေဖြန့်ဝေရေးပိုက်လိုင်းများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုများနှင့် လမ်းများ ပျက်စီးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး (**အပေါ်ပုံ**) လုပ်ငန်းများ အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းများနှင့်အညီ ပြုပြင်တည်ဆောက်ရေး၊ ပျက်စီးသည့် လမ်းများပေါ်ရှိ အုတ်ခဲကျိုးများနှင့် ကွန်ကရစ်ကျိုးများ အမြန်ဆုံး ဖယ်ရှားရှင်းလင်း ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ကွန်ပျူတာနည်းပညာ ပစ္စည်းများပြပွဲ ခင်းကျင်းပြသမည်

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များ အသင်း (MDPSEA) မြန်မာနိုင်ငံကွန်ပျူတာ လုပ်ငန်းရှင်အသင်း (MCIA) နှင့် မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း (MCPA)တို့ ပူးပေါင်း ကျင်းပမည့် PRINT–SIGN & ICT EXPO 2025 ပြပွဲကို မေ ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Yangon Convention Center (YCC) ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယင်းပြပွဲတွင် Digital Printing နှင့် Signage လုပ်ငန်းသုံး နောက်ဆုံးပေါ်စက်ပစ္စည်းများနှင့် နည်းပညာများဖြစ်သည့် Large Format DTF Printer, UV Printer, Laser Machine, Fiber Machine, Bending Machine, Display နှင့် Lighting Equipment များ အပါအဝင် Digital Printing နှင့် Signage ကဏ္ဍအတွက် လိုအပ်သော ပစ္စည်းများကို ကုမ္ပဏီစုစုပေါင်း ၄၄ ခုမှ ပြခန်းပေါင်း ၁၃၅ ခန်းပြသသွားမည်ဖြစ်သည်။

ထို့ပြင် ICT မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ Mobile နည်းပညာများ၊ ဆော့ဖ်ဝဲများ၊ Payment Solutions များ၊ လုံခြုံရေးစနစ်များ၊ နည်းပညာဆိုင်ရာသင်တန်းများနှင့် နောက်ဆုံးပေါ် အီလက်ထရောနစ်ပစ္စည်းများ အစရှိသည်တို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ပြသသွားမည်ဖြစ်သည်။

ယင်းပြပွဲသို့ လာရောက်လည်ပတ်သူများအတွက် လွယ်ကူလျင်မြန်သော Registration System များစီစဉ်ထားရှိပြီး ပြပွဲသို့လာရောက်ရန် ကြိုတင်စာရင်းပေးသွင်း လိုသူများအတွက် QR Code ကို ဖုန်းဖြင့် Scan ဖတ်၍ အလွယ်တကူ စာရင်းပေးသွင်းနိုင်အောင်လည်း ဆောင်ရွက်ထားရှိပြီး အထူးပရိုမိုးရှင်း Promotion Plan များနှင့် Lucky Draw အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲအား စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူလူထုတို့အနေဖြင့် ခေတ်မီ Digital Printing နှင့် Signage လုပ်ငန်းသုံးပစ္စည်းများ၊ ICT နှင့်သက်ဆိုင်သော ထုတ်ကုန်များနှင့် နည်းပညာမျိုးစုံကို တစ်နေရာတည်းတွင် အဆင်ပြေလွယ်ကူစွာ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူနိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မေ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Essential Ei”Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာနေ သင်းအိအိမွန်အား ည ၈ နာရီ ၃၅ မိနစ်တွင် ရေဆင်းနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် မေ ၉ ရက်အထိ သေဆုံးသူ ၃၇၂၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့် တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေး နိုင်ခဲ့ပြီး သေဆုံးသူ ၇၉၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၈ ရက် ညနေ ၅ နာရီမှ မေ ၉ ရက် ညနေ ၅ နာရီအတွင်း ဂျပန်နိုင်ငံ ကြက်ခြေနီအသင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် ငလျင်ဘေးသင့်သူများသို့ ထောက်ပံ့ပေးသည့် ဆေးပစ္စည်းများ ၀ ဒသမ ၈၅၅ တန် ရောက်ရှိခဲ့သည်။

အလားတူ မေ ၈ ရက် နံနက်ပိုင်းတွင် ထိုင်းကြက်ခြေနီအသင်းက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှတစ်ဆင့် ဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးသည့် စောင်၊ ခြင်ထောင်၊ ဆေးဝါး၊ စည်သွပ်ဘူး၊ အမျိုးသမီးလစဉ်သုံးပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်း တန်ချိန် ၂၇ ဒသမ ၁ တန်သည် ထိုင်းတပ်မတော်အထူးလေယာဉ်နှစ်စင်းဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး အဆိုပါ နိုင်ငံတကာမှ ပေးပို့လာသည့် ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်တွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး၊ ငွေရင်းထုတ်ပေး

**ရွှေပြည်သာ မေ ၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင် မှတ်ပုံတင်ထားသော Diesel King စက်ရုံမှ အာမခံအလုပ်သမားတစ်ဦးနှင့် Celtral Manufacturing စက်ရုံမှ အာမခံအလုပ်သမားတစ်ဦးတို့၏ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး၊ ငွေရင်း ထုတ်ပေးခြင်း အခမ်းအနားကို မေ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Diesel King စက်ရုံမှ အာမခံအလုပ်သမား ဒေါ်နော်ထပ်သဖူးသည် လုပ်ငန်းခွင်သို့အသွား ခတ်လိုက်သေဆုံးခြင်းအတွက် အစ်မဖြစ်သူ ဒေါ်နော်အယ်စေးထံ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး/ငွေရင်း ငွေကျပ် ၇၄၅၀၀၀၀နှင့် ရွှေပြည်သာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Central Manufacturing စက်ရုံမှ အာမခံအလုပ်သမား ဦးကျော်ငွေသည် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ဖခင်ဖြစ်သူ ဦးဝထံ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံး/ငွေရင်း ငွေကျပ် ၃၄၂၀၀၀၀ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြိတ်တက္ကသိုလ်
## ပါရဂူဘွဲ့ (PhD) သင်တန်းသားများခေါ်ယူခြင်း

၁။ မြိတ်တက္ကသိုလ်တွင် ၂၀၂၅ – ၂၀၂၆ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (PhD) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်–

(က) မြန်မာစာ
(ခ) ပထဝီဝင်
(ဂ) အင်္ဂလိပ်စာ

၂။ ပါရဂူဘွဲ့ (PhD) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်–

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၂၅ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ပါရဂူအကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ် တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာရပ်အတွက် ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒနှင့် ဘူမိဗေဒဘာသာရပ်များဖြင့် မဟာဘွဲ့အောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူ ရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲ က ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများ ကိုသာလက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံးနည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူသင်ကြားရေး ရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ကို CGPA 4.5 နှင့်အထက်ရရှိသူ (သို့မဟုတ်) အနည်းဆုံးမဟာဘွဲ့အပြင် ကိုယ်တိုင်သုတေသန လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သက်ဆိုင်ရာ ပါရဂူဦးစီးကော်မတီက အသိအမှတ်ပြုသူဖြစ်ရမည်။

၃။ မြိတ်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၂၀–၅–၂၀၂၅) ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မြိတ်တက္ကသိုလ်တွင် ပါရဂူဘွဲ့ (PhD) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည် –

(က) ၂၂–၅–၂၀၂၅(ကြာသပတေးနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ **သက်ဆိုင်ရာဘာသာရပ်**
(ခ) ၂၃–၅–၂၀၂၅ (သောကြာနေ့) ၉:၀၀ နာရီမှ ၁၂:၀၀ နာရီ **အင်္ဂလိပ်စာဘာသာရပ်**

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၉–၅–၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့) တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခ (ဌာနမှူး) များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဖုန်းနံပါတ် ၀၉–၅၀၅၈၈၇၄၊ ၀၉–၇၅၇၃၀၈၄၄၁၊ ၀၉–၄၂၉၀၉၄ ၀၀၆ တွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်းရေးရာ)**
**မြိတ်တက္ကသိုလ်**

## သင့်စီးပွားရေးလုပ်ငန်းများ
## အောင်မြင်ဖို့
## မြန်မာ့အလင်းသတင်းစာတွင်
## ကြော်ငြာစို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၉)၊ မြေကွက်အမှတ် (၄၄၄)၊ ဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အိမ်အမှတ်–(၄၄၄) ဟုခေါ်တွင်သော ရေမီးစုံနေ အိမ်အပါအဝင် မြေကွက်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချရန်ကမ်းလှမ်းသူဖြစ်သည့် အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဇော်မော်ဖြိုး(၈/ဂဂန(နိုင်)၀၀၀၀၄၈)ထံမှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဦးတင်မောင်လတ် (၉/မရမ(နိုင်)၀၀၁၁၀၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့သတင်းစာပါသည့်ရက်မှ (၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီး မြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ဇေယျ (LL.B) တရားလွှတ်တော်ရှေ့နေ ( စဉ် – ၁၄၂၄၅ )**
**တိုက်အမှတ် – (B6)၊ အခန်း (401)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၇၇၈၃၅၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ရွှေဝါလမ်း၊ အမှတ်(၁၀၂)နေ ဒေါ်စန္ဒီထွန်း (၁၃/တကန(နိုင်)၂၈၆၄၉၁)၏ လွှဲအပ်ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၉/ဘီ)၊ အကောက်ခွန်(၂) လမ်း၊ မြေကွက်အမှတ် (၄၇/၁၉)၊ အကျယ်အဝန်းအလျား(၄၀)ပေX အနံ(၆၀)ပေ၊ (၂၄၀၀) စတုရန်းပေရှိ ဒေါ်ထွေးကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင်ရှိသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိထား ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသော အမည်ပေါက် ပိုင်ရှင် ဒေါ်ထွေးကြည် (၁၂/ဗတထ(နိုင်)၀၀၇၇၁၅) ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်စန္ဒီထွန်း** | **ဒေါ်နုနုလှိုင် (LL.B) (D.B.L) (D.I.P.L)** |
| **(၁၃/တကန(နိုင်)၂၈၆၄၉၁)** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၁၅၂၂၃) (၂၇–၁၂–၂၀၁၈)** |
| | **အမှတ် (ခ/၇၅၀)၊ ဗေဒါ (၂)လမ်း၊** |
| | **ဒဂုံမြို့သစ်/အရှေ့ပိုင်း၊ ဖုန်း–၀၉–၂၅၀၆၅၈၃၃၆** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၂က၊ စီတာပူတောင်)၊ ဦးပိုင်အမှတ်(၂၆/က)၊ မြေဧရိယာ(၀.၀၉၂)ဧကရှိမြေကွက်သည် မူလက ဦးဝါလာယော်အမည်ဖြင့် (၃၀–၆–၂၀၂၀)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး (၅–၃–၂၀၂၅)ရက်စွဲပါတရားရုံး၏ ဒီကရီအရ ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင် ရောင်းချခြင်း စာချုပ်မှတ်ပုံတင်အမှတ်(၁၀၂/၂၀၂၅)ဖြင့် ဦးဝါလာယော်ထံမှ ဒေါ်ဂွေကိုင်နန်အမည်ဖြင့် ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်ဂွေကိုင်နန် ၁/မကန(နိုင်)၀၅၃၀၅၈အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/28624, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၃/ဘအန(နိုင်)၁၆၄၉၉၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 73W/68544, Honda Blade–110 ယာဉ်လက်ဝယ်ရှိသူ ဦးဒေးဗစ်အောင် ၁၁/ဂမန(နိုင်) ၀၄၅၅၂၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း


ယာဉ်အမှတ် 1W/18950 Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၉/အမဇ(နိုင်)၀၁၇၉၆၈ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 59W/89373 Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၁၄/ပပတ(နိုင်)၁၈၈၀၆၃ က ဖောင်းကြွပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**ပုသိမ်မြို့**




## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၄ / ၂၀၂၅–၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–111(25–26)CAP | Assorted Sizes of Oil Seal and Hand Tools (1) Lot | Ks |
| (၂) | DMP/L–112(25–26)CA3P | Pipe Cardles (4) Sets | Ks |
| (၃) | DMP/L–113(25–26)CAP | Spare Parts for Kwangshin Compressor (1) Lot | Ks |
| (၄) | DMP/L–114(25–26)CAP | Spare Parts for Aspro Compressor (1) Lot | Ks |
| (၅) | DMP/L–115(25–26)CAP | Spare Parts for IMW Compressor (1) Lot | Ks |
| (၆) | DMP/L–116(25–26)CAP | Spare Parts for L–Type & ZW–Type Dispenser (1) Lot | Ks |
| (၇) | DMP/L–117(25–26)CAP | Spare Parts for IMW Dispenser (1) Lot | Ks |
| (၈) | DMP/L–118(25–26)CAP | Spare Parts for Aspro & Kwangshin Dispenser (1) Lot | Ks |
| (၉) | DMP/L–119(25–26)CAP | Spare Parts for V SAT Indoor and Outdoor Unit (1) Lot | Ks |
| (၁၀) | DMP/L–120(25–26) | Drill String Accessories for All Rigs (42) Items | Ks |
| (၁၁) | DMP/L–121(25–26) | Accessories for Drawwork Brake Shoe and Brake Pad (7) Items | Ks |
| (၁၂) | DMP/L–122(25–26) | Manila Rope and Jute Rope (2) Items | Ks |
| (၁၃) | DMP/L–123(25–26) | Assorted Sizes of Aeroquic Hose (7) Items | Ks |
| (၁၄) | DMP/L–124(25–26) | Electrical Materials for MANN Oil Field (7) Groups | Ks |
| (၁၅) | DMP/L–125(25–26) | Electrical Materials for TTY Oil Field (8) Groups | Ks |
| (၁၆) | DMP/L–126(25–26) | Electrical Materials for Daw Nyein, Ahpyauk, MUB and NDN (4) Groups | Ks |
| (၁၇) | DMP/L–127(25–26) | Sucker Rod, Pony Rod and Change Over Coupling (1) Lot | Ks |
| (၁၈) | DMP/L–128(25–26) | Insert Pump and Accessories (1) Lot | Ks |
| (၁၉) | DMP/L–129(25–26) | Pipe Fitting and Accessories (1) Lot | Ks |
| (၂၀) | DMP/L–130(25–26) | Accessories for Gas Control and Metering System (3) Groups | Ks |
| (၂၁) | DMP/L–131(25–26) | Accessories for Engine and Compressor (3) Groups | Ks |
| (၂၂) | DMP/L–132(25–26) | Assorted Sizes of Pipe Wrench and Chain Tong (2) Groups | Ks |
| (၂၃) | DMP/L–133(25–26) | Steel Wire & Polyethylene Rope for Mooring (2) Groups | Ks |
| (၂၄) | DMP/L–134(25–26) | Assorted Sizes of Workshop Tools and Accessories (4) Groups | Ks |
| (၂၅) | DMP/L–135(25–26) | Assorted Sizes of Fire Fighting Equipment and Accessories (3) Groups | Ks |
| (၂၆) | DMP/L–136(25–26) | Welding Cable and Ground Cable (2) Items | Ks |
| (၂၇) | DMP/L–137(25–26) | Assorted Sizes of Valve (4) Groups | Ks |
| (၂၈) | DMP/L–138(25–26) | Accessories for Gas Cutting Torch (21) Items | Ks |
| (၂၉) | DMP/L–139(25–26) | Electrical Materials for All CNG Stations (34) Items | Ks |
| (၃၀) | DMP/L–140(25–26) | Assorted Sizes of Battery (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၉–၅–၂၀၂၅** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၇–၅–၂၀၂၅ ရက်နေ့ (၁၃:၀၀)** နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း– ၀၆၇–၃၄၀၇၈၀၇၈၊ ၀၆၇၄၈၅၃၉၄၀၂**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဝယ်ယူမည်ဖြစ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | အရေအတွက် |
|---|---|---|---|
| ၁။ | 15(LPT) /MPE-SL/2025-2026 | Rubber Hose Pipe with Couple Flanges | 1 No. |
| ၂။ | 16(LPT) /MPE-F4/2025-2026 | Spare Parts for Absorber Return Pump (P-3403) | 1 Lot |
| ၃။ | 17(LPT) /MPE-F4/2025-2026 | Vacuum Circuit Breaker VD4(1600 A) | 1 No. |
| ၄။ | 18(LPT)/ MPE-F4/2025-2026 | Belt Conveyor(750 m) | 1 No. |
| ၅။ | 19(LPT) / MPE-F4/2025-2026 | Spare Parts for Synthesis Gas Compressor (K-1801) | 1 Lot |
| ၆။ | 20(LPT)/MPE- F4/2025-2026 | Level Transmitter(LT-1809)for Ammonia Separator | 1 Set |
| ၇။ | 21(LPT)/MPE- TLN/2025-2026 | Current Transforming Device(33 KV) | 1 Set |
| ၈။ | 22(LPT)/MPE- MANN / 2025-2026 | UPS Battery for Boiler PLC Control | 26 Nos. |
| ၉။ | 23(LPT)/MPE- MANN / 2025-2026 | Distillation Apparatus for Petroleum Products | 1 Set |
| ၁၀။ | 24(LPT)/MPE- MBU / 2025-2026 | Battery Cells for UPS with stand | 1 Set |
| ၁၁။ | 25(LPT)/MPE- MBU / 2025-2026 | Compressor Turbine Speed Probe | 1 No. |
| ၁၂။ | 26(LPT)/MPE- MBU / 2025-2026 | Spare Parts for IA Compressor (CO-2401 A/B) | 1 Lot |
| ၁၃။ | 27(LPT)MPE-F4,F5/2025-2026 | Woven Polypropylene Bags(WPP-Bags) | 500,000 Bags |
| ၁၄။ | 28(LPT) /MPE-F4,F5/2025-2026 | Trichloroisocyanuric Acid (TCCA) | 7 MT |
| ၁၅။ | အဆိုပြုလွှာအမှတ်-1/MPE- MANN/ 2025-2026 | Microprocessor Base Controller for AP/AI Compressor with software | 3 Nos. |
| ၁၆။ | အဆိုပြုလွှာအမှတ်-2/MPE- MANN / 2025-2026 | UV Spectrophotometer | 1 No. |
| ၁၇။ | အဆိုပြုလွှာအမှတ်-3/MPE- MANN/ 2025-2026 | Flexible Oil Hose with Both End Non Spark Flange | 3 Nos. |
| ၁၈။ | အဆိုပြုလွှာအမှတ်-4/MPE- MANN/ 2025-2026 | Ø 10 "x 5.5 M Flexible Water Hose with Double End Flange | 3 Nos. |

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၃.၅.၂၀၂၅ ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာ အား ဝန်ကြီးဌာနဝက်ဆိုဒ်(energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို အောက်ဖော်ပြပါ တင်ဒါပိတ်သည့်နေ့များတွင်(၁၁:၀၀)နာရီမှ (၁၂:၀၀)နာရီ အတွင်း စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ၊ ရုံးအမှတ်(၄၄)(ယာယီရုံး)၊ (နေပြည်တော်) သို့ လူကိုယ်တိုင်လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

(က) အမှတ်စဉ်(၁ မှ ၁၂ အထိ) အိတ်ဖွင့်တင်ဒါ ၁၂ -၆-၂၀၂၅

(ခ) အမှတ်စဉ်(၁၃ မှ ၁၈ အထိ) တင်ဒါ/အဆိုပြုလွှာများ ၃ -၆ -၂၀၂၅

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၉-၉၆၃၁၄၅၉၈၈,၀၉-၄၂၀၂၄၁၄၅၃,**
**၀၉-၄၀၁၅၄၆၇၇၀,၀၉-၂၆၄၉၉၂၂၀၉**

### ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ဟဲကယ်ရွာနေ (ဘ) ဦးကျောင်ဝမ်ချမ်း၏သမီး မပေါက်ရှမ်း (၁၃/တကန(နိုင်)၁၃၄၅၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-116784)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉ ၇၅၁၈၀၂၉၆၅**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(မြောင်းတကာ)မှ ဒုအလယ်တန်းပြ ဒေါ်ခင်ဝင်း၏ဖခင် ဦးတင်အုံးနှင့် ဦးတင်အုန်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတင်အုန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက (မြောင်းတကာ)မှ ဒုအလယ်တန်းပြ ဒေါ်တင်ထွေး၏ဖခင် ဦးတင်အုန်းနှင့် ဦးတင်အုံးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်အုံး**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 53W/22952, Yunde -110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူရ ၁၄/ဟသတ(နိုင်)၂၅၆၉၈၈၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

### အမည်ပြောင်း

ဦးညွန့်လွင်-ဒေါ်လှလှမြင့်တို့၏သမီးဖြစ်သူ မသူသူညွန့် ၁၀/ပမန(နိုင်)၂၁၉၇၁၉ အား မမေသူသူအောင်ဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

### အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အထက (မှော်တော)G-5 တွင် ပညာသင်ကြားမည့် (ဘ)ဦးမန်းထောင်စေး၏သား စယေဒိဒိ၏ အမည်မှန်မှာ ယေဒိဒိ ဖြစ်ပါကြောင်း။

**ယေဒိဒိ**

### အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ဒီးဒုတ်ကန်ကျေးရွာနေ ဦးတင်မောင်ဝင်း ၈/မလန(နိုင်)၀၃၆၆၅၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မကြီးကန်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၁၆၆၀)၊ မကြီးကန်ကွင်း၊ ဦးပိုင်မြေကွက်အမှတ် ( ၁၉၀/၁-ခ + ၂၀၀-ခ ) ဟု ခေါ်တွင်သော ဒေါ်ခင်လေးသန့် ၅/ရဘန(နိုင်)၀၁၇၉၉၇ ဂရန်အမည်ပေါက် မြေကွက်၏ အနောက်ဘက်ခြမ်း အလျား (၁၂၀)ပေx အနံ (၆၀) ပေ မြေကွက်အား (၃၀-၄-၂၀၂၅) ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဦးတင်မောင်ဝင်းသည် ဦးသန်းလွင် ၈/သရန(နိုင်)၀၄၇၄၉၈ ထံမှ လက်ရောက်ရယူဝယ်ယူ ပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်သော ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့မှာ ဦးတင်မောင်ဝင်း တစ်ဦးတည်းနှင့်သာ သက်ဆိုင်သည်ဖြစ်၍ ဦးတင်မောင်ဝင်းမှ သိရှိသဘောတူညီခြင်းမရှိဘဲ အခြားသူများမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်ခွင့် မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မင်း ( LL.B, C.B.L, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ- စဉ်-၁၂၂၉၅)**
**အမှတ်(၃၈၉) ဇီဇဝါလမ်း၊ ရန်အောင်ရပ်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၇၉၄၅၆၇၈၁၁**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၁၈၅၆, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဦး ၆/ရဖန(နိုင်)၀၉၃၂၆၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃ )
### ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃

ဒေါ်ဝင်းကြည် လျှောက်ထားသူ

**ကွယ်လွန်သူ ဒေါ်အေးရီ ၏ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ရေချမ်းစင်ကျေးရွာ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အေးရီ ကျန်ရစ်သောပစ္စည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်၊ သရက်ကုန်းကျေးရွာအုပ်စု၊ ရေချမ်းစင်ကျေးရွာရှိ ကွင်းအမှတ်နှင့်အမည် (၆၄/ရေချမ်းစင်ရွာမ)၊ ဦးပိုင်အမှတ် ၁၄၇/၁၊ ဧရိယာ (၀.၃၃)ဧက၊ ကွင်းအမှတ်နှင့်အမည် (၇၅/ရေချမ်းစင်တောင်)၊ ဦးပိုင်အမှတ် ၁၁၀/၁၊ ဧရိယာ(၄.၆၅)ဧကနှင့် ကွင်းအမှတ်နှင့်အမည် (၆၅/တမဲအနောက်မြောက်)၊ ဦးပိုင်အမှတ် ၉၄/၁၊ ဧရိယာ (၁.၄၅)ဧကရှိ ယာမြေကွက်များနှင့် ယင်းယာမြေကွက်များပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အပေါ် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၈အရ အမွေထိန်းစာထုတ်ပေးရန် ၎င်း၏ညီမ ဒေါ်ဝင်းကြည်က လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ မေလ ၂၃ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်) နံနက် ၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အေးရီ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ မေလ၂၃ရက် (၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဝင်းကြည်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ခုနှစ်၊ မေလ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးမာအေး)**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး**
**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး**

### ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ အကွက်အမှတ်(၈)၊ အကွက်အမည် (ဆေးရေးကွက်)၊ ဦးပိုင်အမှတ် (၂၀၅ဆ)၊ မြေချိန်ဧရိယာ(၀.၀၁၄)ဧကနှင့် ဦးပိုင်အမှတ် (၂၀၅ဧ)၊ မြေချိန်ဧရိယာ(၀.၀၁၆)ဧကများကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်ဝတ်ရည်မင်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်သို့ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲ မပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၃၀)ရက်အတွင်း ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကျောင်းလမ်း(၁)လမ်း၊ အမှတ်(၅၃)နေ ဦးမျိုးထွန်း၁၂/သကတ(နိုင်)၁၀၃၇၀၉နှင့် ဒေါ်ခင်ဥမ္မာဝေ ၇/သကန(နိုင်)၁၄၀၀၃၇ တို့၏သား မောင်မိုးမင်းထွန်း ၇/သကန(နိုင်) ၁၅၄၆၄၈သည် မိဘများ၏ ပြောဆို ဆုံးမမှုကို မနာခံခြင်းကြောင့် ၇-၅-၂၀၂၅ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ)တာဝန် ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း။

**မိဘများ- ဦးမျိုးထွန်း-ဒေါ်ခင်ဥမ္မာဝေ**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ရတနာလမ်းသွယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(စီမံကိန်း-၂)၊ အမှတ်(၁၈၂)မြေကွက်ထဲမှ (၁၂x၄၀)ပေရှိမြေကွက်ကို ဝယ်ယူပိုင်ဆိုင်ပြီး ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂-ထပ်ခွဲ)တိုက်အိမ်(၁)လုံး၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ယခုရောင်းချသူဒေါ်မြစန္ဒာ ၁၂/ဥကတ(နိုင်)၂၁၉၈၄၈မှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်တင်ဌေး ၁၁/မအန(နိုင်)၀၃၉၇၉၃ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရာဇာထွန်း(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၀၉၉)**
**အမှတ်(၁၄)၊ ပထမထပ်(ဘီ)၊ ဇမ္ဗူသိဂီလမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၇၂၄၆၃၅**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၈၃၁၃, Honda Wave 110R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်သန်းဝင်းဦး ၅/ဝသန(နိုင်)၀၅၂၇၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၄၄၂၇, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မိုး ၆/ထဝန(နိုင်)၀၇၅၂၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
### အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်)တို့အား ကာလရှည်ငှားရမ်းခြင်းအတွက် တင်ဒါခေါ်ယူခြင်း

**Tender No. 1/ Leasing of F4 Fertilizer Plant/MPE - HQ/ 2025-2026**

**Tender No. 2/ Leasing of F5 Fertilizer Plant / MPE -HQ/ 2025- 2026**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိရတနာသိမ်မွေ့ကျော်နှင့် ဦးကျော်သီဟမင်းလွင်(ဘ)ဦးမင်းလွင်(ခ)ဦးဖော်စတယ် ၁၂/တတန(နိုင်)၁၉၆၇၉၁တို့ သည် ၁၆-၆-၂၀၂၂ ရက်မှစ၍ အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်း ခဲ့ကြပြီး သားသမီး (၁)ဦး ထွန်းကားခဲ့ပါသည်။ ဦးကျော်သီဟမင်းလွင်သည် ဒေါ်အိရတနာသိမ်မွေ့ကျော်နှင့် ပေါင်းသင်းနေထိုင်ခဲ့ရာတွင် လင့်ဝတ္တရား ကျေပွန်မှုမရှိခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ စိတ်ဆင်းရဲစိတ်သောက အမျိုးမျိုးဖြစ်အောင် အကြိမ်ကြိမ် ပြုလုပ်နေခြင်းတို့ကြောင့် ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ပါကြောင်း ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းမွန်အေး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၉၅/၄-၁၀-၂၀၂၁)
ကန်သာယာ(၇)လမ်း၊ ကျွန်းတောရပ်ကွက်၊
တွံတေးမြို့နယ်၊ တွံတေးခရိုင်
ဖုန်း-၀၉-၇၈၂၇၅၃၁၅၂

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ စကြံန်လမ်းနေ ဦးမင်းလွင် (ခ) ဦးဖော်စတယ် ၁၄/မအပ (နိုင်) ၁၀၅၇၂၉နှင့် ဒေါ်ဝင်းဝင်းမြင့် ၁၄/ဖပန(နိုင်)၀၀၃၂၇၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမင်းလွင် (ခ) ဦးဖော်စတယ်နှင့် ဒေါ်ဝင်းဝင်းမြင့်တို့၏ သားဖြစ်သူ မောင်ကျော်သီဟမင်းလွင် ၁၂/တတန(နိုင်) ၁၉၆၇၉၁သည် မိဘများ၏ဆိုဆုံးမမှုများကိုမနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းမွန်အေး(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၉၅/၄-၁၀-၂၀၂၁)
ကန်သာယာ(၇)လမ်း၊ ကျွန်းတောရပ်ကွက်၊
တွံတေးမြို့နယ်၊ တွံတေးခရိုင်
ဖုန်း-၀၉-၇၈၂၇၅၃၁၅၂

### CNG ကတ်ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ခင်မာချို ၇/ပခန(နိုင်) ၁၂၈၁၉၆၏ ပိုင်ဆိုင်သော M/4343 မော်တော်ယာဉ်၏ CNG ကတ် အနီရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဒေါ်ခင်မာချို ၇/ပခန(နိုင်)၁၂၈၁၉၆
ဖုန်း-၀၉-၅၃၀၁၈၀၅

### ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက(နမ္မတီး)Grade-12 မှ မစွဲ့သီရိမေ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၅/ပလန(နိုင်)၀၄၈၃၁၄ ဖြစ်ပါကြောင်း။

ဦးနိုင်ဝင်း

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေနဂါးဆီစက်လမ်း၊ အမှတ်-၆၁၊ (၆)ခန်းတွဲ(၁၂)ထပ်တိုက်၏ အကျယ်အဝန်း(1422Sqft)၊ တိုက်အမှတ်(၆)ရှိအခန်းအမှတ်(၁၀၀၆) ကွန်ဒိုတိုက်ခန်းနှင့် အဆိုပါကွန်ဒိုတိုက်ခန်းထံမှ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးဘိုဆန်း ၉/မနမ(နိုင်)၀၆၆၆၉၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မျိုးအောင်က ၈-၁-၂၀၁၃ရက်စွဲဖြင့် အမှတ်၆၁၊ ရွှေနဂါးကွန်ဒို နှစ်ဦးသဘောတူ တိုက်ခန်းကြိုတင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ အရစ်ကျငွေပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်-၆၁၊ ရွှေနဂါးကွန်ဒိုအခန်းအမှတ်(၁၀၀၆)ကို ကျွန်ုပ်၏မိတ်ဆွေဦးတင်မျိုးအောင်မှ သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အာမခံထားခြင်းများ၊ လက်ဝယ်ထားရှိခြင်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုဝေလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၀၃)
အမှတ်၁၄၆၀၊ ယောမင်းကြီး(၄)လမ်း၊ (၄)ရပ်ကွက်၊
ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၅၀၃၆၉၂၄၆

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေနဂါးဆီစက်လမ်း၊ အမှတ်၆၁၊ (၆)ခန်းတွဲ (၁၂)ထပ်တိုက်၏ အကျယ်အဝန်း(1422Sqft)၊ တိုက်အမှတ်(၆)ရှိ အခန်းအမှတ်(၈၀၆) ကွန်ဒိုတိုက်ခန်းနှင့် အဆိုပါကွန်ဒိုတိုက်ခန်း အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသူ ကန်ထရိုက်တာ ဦးဘိုဆန်း ၉/မနမ(နိုင်)၀၆၆၆၉၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးအေးသန့်က ၈-၁-၂၀၁၃ ရက်စွဲဖြင့် အမှတ်၆၁၊ ရွှေနဂါးကွန်ဒို နှစ်ဦးသဘောတူ တိုက်ခန်းကြိုတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အရစ်ကျငွေပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်-၆၁၊ ရွှေနဂါးကွန်ဒိုအခန်းအမှတ်(၈၀၆)ကို ကျွန်ုပ်၏မိတ်ဆွေဒေါ် အေးအေးသန့်မှ သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ အာမခံထားခြင်းများ၊ လက်ဝယ်ထားရှိခြင်းများကို မည်သူတစ်ဦးတစ်ယောက်ကမျှမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုဝေလွင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၀၃)
အမှတ်၁၄၆၀၊ ယောမင်းကြီး(၄)လမ်း၊ (၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၅၀၃၆၉၂၄၆

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အိမ်တော် B1 to B8 တွင် အသုံးပြုရန်အတွက် လိုအပ်သော ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၁၀-၅-၂၀၂၅ ရက်(စနေနေ့) မှ ၂၃-၅-၂၀၂၅ရက်(သောကြာနေ့) (၁၆:၀၀) နာရီထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၄-၅-၂၀၂၅ ရက် (စနေနေ့) (၁၆:၀၀) နာရီထိ

၂။ တင်ဒါဖွင့်ရက်အား ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**အိမ်တော်များထိန်းသိမ်းရေးဌာန၊ အိမ်တော်များဌာနကြီး**

ဖုန်း - ၀၆၇-၄၅၉၀၂၀၂/ ၀၉-၄၅၆၇၈၂၇၂၇

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေရေိယာ ၀ ဒသမ ၁၂၃ကေရှိ မြေကွက်အမှတ် (ပ-၂၀၉၉၇)ကို အမည်ပေါက် ဦးဇေယျာကြည်မြင့် (ဘ) ဦးကြည်မြင့် ၇/ညလပ(နိုင်) ၀၉၁၃၉၉မှ ဒေါ်ခိုင်မာထွန်း (ဘ) ဦးဇော်ဝင်း ၁၂/မဂဒ(နိုင်)၁၃၉၉၉၁နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၃၇၃)ဟု ခေါ်တွင်သော အကျယ်အဝန်း (၈၁x၈၀) ပေ၊ ဧရိယာ ၀ ဒသမ ၁၄၈ ဧကေ ရှိ နှစ်(၃၀)ဂရန်မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဒေါ်အိအိဖြိုး (ဘ) ဦးမြင့်ကြည် ၊ ၁၂/လမန(နိုင်)၁၄၅၈၇၀ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိုးစိုး(ဘ)ဦးညွန့်သောင်း ၅/မရန(နိုင်)၀၁၅၇၉၇ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇင်မင်းထိုက် (L.L.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၉၂၀/၂၀၁၆)**
**ပုရွတ်ဆိတ်ကုန်းရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ အလင်းရောင်ရပ်)၊ ဦးပိုင်အမှတ် ၄(တ-၁)၊ မြေရေိယာ ၀ ဒသမ ၀၆၆ ကေရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးပြေငြိမ်း (ဘ)ဦးအောင်ငွေ ၉/မထလ(နိုင်)၂၈၈၇၀၇ နှင့် ဒေါ်ဝင့်ဝါဖူး(ဘ)ဦးဌေးလွင်ဦး ၉/လဝန(နိုင်)၂၄၈၃၅၂ တို့မှ အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(A-၀၃၂)၊ ဧရိယာ ၀ ဒသမ ၂၅၃ကေရှိ ဒုတိယဗိုလ်မှူးကြီးအေးလွင် (ဘ) အောင်သ ၉/မမန(နိုင်)၀၁၃၀၉၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးအောင်အေး (ဘ) ဦးအေးချို ၇/ပမန(နိုင်)၀၀၁၄၀၄နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါရောင်းချခြင်း တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ လမ်းသစ်လမ်း၊ ဆန်းချီရပ်၊ ထားဝယ်မြို့

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၂ - ၅ - ၂၀၂၅ ရက်၊ ရုံးချိန်အတွင်း

၄။ **တင်ဒါလျှောက်လွှာ နောက်ဆုံးထားတင်သွင်းရမည့် ရက်/ အချိန်** - ၂၆ - ၅ - ၂၀၂၅ ရက် (၁၆: ၀၀)နာရီ

၅။ **တင်ဒါဖွင့်လှစ်မည့် ရက်/ အချိန်** - ၂၉ - ၆ - ၂၀၂၅ ရက် (၁၀:၀၀)နာရီ (အပြောင်းအလဲရှိပါက ဆက်သွယ်အကြောင်းကြားပါမည်)

၆။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၉)၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၀၂၂၁၆၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တည်ဆောက်ရေးတင်ဒါဗဟိုကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ အမှတ်(၆)၊ (အိမ်ရှိ၊ မြေရှိ)မြေကွက် ဧရိယာ (၉ပေx၆၀ပေ)အကျယ်ရှိ ရေမီးစုံအိမ်အပါ မြေနှင့် ယင်းမြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ၊ ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဦးမိုးဟိန်းမြင့် ၁၂/သဃက(နိုင်)၁၀၅၉၄၉မှ အရှုပ်အရှင်းပြဿနာအရပ်ရပ်ကင်းရှင်းပြီး ဥပဒေနှင့်အညီ နောက်ဆုံးလက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးနိုင်မင်းထွန်း ၁၂/သဃက(နိုင်)၂၁၀၅၈၂မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးပြည့်ဖြိုးအောင်(ရွှေကြိုးကြာ)(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၀၇၅၅)**
**အမှတ်(၂၈)၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်**
**ဖုန်း-၀၉-၇၉၆၉၇၉၇၁၂**

## ဒေါ်အေးအေးထိုက် ၁၂/တမန(နိုင်)၁၁၀၀၅၆ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်သော်တာလပြည့်ဝန်း ၁၂/မဂတ(နိုင်)၁၂၁၇၂၈ မှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၄၈)၊(၄)လွှာ၊ ခေါင်းရင်းခြမ်းရှိ (၁၃x၆၀)ပေ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၈-၃-၂၀၂၃ရက်တွင် ငွေကျပ်သိန်း(၄၀၀)ဖြင့် ဒေါ်အေးအေးထိုက် ၁၂/တမန(နိုင်)၁၁၀၀၅၆ထံမှ ဝယ်ယူခဲ့သော်လည်း၊ ဒေါ်အေးအေးထိုက်က အချင်းဖြစ်တိုက်ခန်းအား ကျွန်မထံသို့ လက်ရောက်အပ်နှံခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ လက်ရောက်အပ်နှံရန် ပျက်ကွက်လျက်ရှိပါသည်။ သို့ပါ၍ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း အဆိုပါတိုက်ခန်းအား ကျွန်မထံသို့ လက်ရောက်အပ်နှံရန် ထိုသို့အပ်နှံခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်အေးအေးထိုက် ၁၂/တမန(နိုင်)၁၁၀၀၅၆ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၃၃)**
**ဖုန်း-၀၉-၄၂၁၀၈၀၃၂၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့်-၅)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၈

ဦးသီဟအောင် **နှင့်** ၁။ ဒေါ်မိုးသူရိန်
၂။ ဒေါ်ညွန့်ညွန့်လွင် (ကွယ်လွန်သူဦးပန်းအောင်၏ဇနီး)
၃။ ဒေါ်ယဉ်ယဉ်နွဲ့ (ကွယ်လွန်သူ ဦးလှသွင်၏ဇနီး)
၄။ ဦးလှမြင့်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်-၆၀၈နေ တရားပြိုင် ဒေါ်ညွန့်ညွန့်လွင်၊ ဒေါ်ယဉ်ယဉ်နွဲ့ နှင့် ဦးလှမြင့်(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "သီးခြားသက်သာခွင့်ဥပဒေပုဒ်မ - ၁၂ အရ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ၁၁ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆုတ် ၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာဝင်း)
ဒုတိယခရိုင်တရားသူကြီး( ၃ )
ဒဂုံမြို့သစ်ခရိုင်တရားရုံး

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးပြေသိမ်း၏သား မောင်မင်းချစ်ဦး ၈/ပဖန(နိုင်) ၁၅၀၄၀၉၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေး ပါရန်။

ဖုန်း-၀၉-၇၇၉၄၂၉၄၅၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၁ ရပ်ကွက်၊ အမှတ်(၁၄၈/၂)၊ မြင်သာ(၉)လမ်းနေ ဦးဂလောလဘန်၏ သမီး ဒေါ်ဂလောလုဂျာ ၁/ကမန(နိုင်)၀၀၁၇၈၁နှင့် ဒေါ်လုဂျာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ဂလောလုဂျာ (ခ) ဒေါ်လုဂျာ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/6262 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/91972 JIAN SHE 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၉/တကန(နိုင်)၀၀၆၉၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ယ/၂၉၉၃၇ Kenbo-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူ ၉/ပမန(နိုင်)၂၆၄၀၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/81902 Yunde -110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းအေး ၅/ကနန(နိုင်) ၀၆၃၂၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာ)**

**မီးသတိပြု**

## အမည်အမှတ်တံဆိပ်အား မှတ်ပုံတင်သွင်း လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ သိင်္ဂီလမ်းနှင့် နဝရတ်လမ်းကြား၊ အောင်သပြေလမ်းသွယ်(၂)၊ အိမ်အမှတ်(က/၂၆)နေ ဦးငွေတိုးအောင် ၁၂/ဒဂတ(နိုင်)၀၄၃၉၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ သိင်္ဂီလမ်းနှင့် နဝရတ်လမ်းကြား၊ အောင်သပြေလမ်းသွယ်(၂)၊ အိမ်အမှတ် (က/၂၆)နေ ဦးငွေတိုးအောင်မှ "Lwint Bar in May Myo" အမည်အမှတ်အသားဖြင့် စားသောက်ဖွယ်ရာအမျိုးမျိုးများကို အထက်ပါနေရာတွင် ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား ပြင်ဦးလွင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်း လျှောက်ထားနိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးငွေတိုးအောင်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးစန္ဒီသိန်း (LL.B) (DPS)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၂၄၆ /၂၀၁၆)**
**အမှတ်(၁)၊ နီးဘုရားလမ်း၊ ရပ်ကွက်ကြီး(၁၅)၊**
**အနီးစခန်း၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉-၇၈၄၉၉၉၆၃၇**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဟသ်ာတမြို့နယ်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဥယျာဉ်ကြီး(မ)ရပ်၊ ဦးပိုင် အမှတ်(၉၆က+၉၆ခ) ဧရိယာ ၀ ဒသမ ၀၂၂+၀ ဒသမ ၀၂၃ စုစုပေါင်း ၀ ဒသမ ၀၄၅ ကေရှိ အောက်ဖော်ပြပါ အလား အလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | မိလ္လာလမ်း |
| (ခ) | အနောက်လားသော် | - | နတ်မော်လမ်း |
| (ဂ) | တောင်လားသော် | - | ဦးပိုင်(၈၂ခ) |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်( ၉၇ ) |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်နီနီမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ် (၆/၁၃)၊ ရွှေလီလမ်း၊ အမှတ်(၂၁၇/ခ)၊ အကျယ်အဝန်း (၂၀ ပေx၆၀ ပေ) ရှိ ဒေါ်နော်ရစ်ချယ် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးပြည့်ဖြိုးဦး ၁၂/မရက(နိုင်)၁၃၈၇၁၆မှ လက်ရှိထား ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှအဆိုပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော်အောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၅၀၉၂၉၇၂၊ ၀၉-၄၃၀၆၄၆၇၆**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ Unique private school မှ (ဘ) ဦးကိုနိုင်-ဒေါ်ခင်သန္တာမိုးတို့၏သား မောင်အောင်ထက်မြတ်အား မောင်အောင်မြင့်မြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်မြင့်မြတ်**

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုတော မြို့နယ်၊ ဒေါင့်ကြီး ကျေးရွာနေ ကျွန်တော် ဦးဟိန်းစိုး ၁၄/ပတ(နိုင်)၁၇၆၇၆၉ ပိုင်ဆိုင်သော ထွန်းတောက်ဟိန်း (ရညန/ရော-၁၈၆၂)ရေယာဉ်၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်အပိုင်း(က)+(ခ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်ပေးပါရန်။

ဖုန်း-၀၉-၄၂၂၄၅၂၅၀၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ကေရှိ မြေကွက်အမှတ် (ပ-၃၀၁၀၃)ကို အမည်ပေါက် ဒေါ်လီဒီယာဗန်ရှာန်းကိမ်း (ဘ) ဦးလျှင်မင်း ၅/ကလထ(နိုင်)၁၈၈၈၃၈မှ ဦးရန်အောင်မိုး (ဘ) ဦးနိုင်အေး ၅/ကလတ(နိုင်) ၀၇၇၀၃၉၊ ဒေါ်သန္တာခင် (ဘ) ဦးမောင်မောင်ခင် ၉/ပသက(နိုင်)၀၆၆၁၇၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ စက်နှင့်စက်ပစ္စည်းများအား (မြန်မာကျပ်ငွေ/ နိုင်ငံခြားငွေ) များဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender) များ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်နှင့်စက်ပစ္စည်းကိရိယာအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | Tractor Rotary Cutter (ထွန်စက်) | 2 Nos | မြန်မာကျပ်ငွေ |
| ၂။ | X-ray Machine (Check Baggage) Dual View, | 2 Nos | -။- |
| ၃။ | X-ray Machine (Hand Carry) | 2 Nos | -။- |
| | (1) Dual View (6545DV (1 No) | | |
| | (2) Single View (6545) (1 No) | | |
| ၄။ | Spare Parts for X-ray Machine | 1 Lot | -။- |
| ၅။ | Very High Frequency Omnidirectional Redio Range (VOR) Power Supply System for Dawei and Pthein Airport | 1 Lot | -။- |
| ၆။ | Runway Lighting Equipment for Techileik Airport (VCR- LED System) | 1 Lot | -။- |
| ၇။ | Airfield Lighting Upgrading System for Kengtong Airport | 1 Lot | -။- |
| ၈။ | Upgrading Airfield Lighting Precision Approach Lighting System (PALS) & Instrument Landing System (ILS) for အနီးစခန်းလေဆိပ် | 1 Set | -။- |
| | (a) Precision Approach Lighting System | | |
| ၉။ | (b) Instrument Landing System (ILS) | 1 Set | -။- |
| ၁၀။ | Extension of Flight Procedure Design System ဆောင်ရွက်ရန် | 1 Lot | -။- |
| ၁၁။ | Airspace Modeling for Six Sectorization of Yangon Flight Information Region ဆောင်ရွက်ခြင်း | 1 Lot | -။- |
| ၁၂။ | ရန်ကုန်၊မန္တလေးနှင့်နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ် များရှိ VOR/DME, ILS/DME, PAPI လေကြောင်း လမ်းညွှန်စက် များအား Flight Inspection ပြုလုပ်ခြင်း | 1 Lot | -။- |
| ၁၃။ | Spare Parts for Yangon-Beijing VSAT Link System | 1 Lot | -။- |
| ၁၄။ | Equipment for Myanmar Sat-2 Satellite Transponer | 1 Lot | -။- |
| ၁၅။ | Automated Weather Observing System (AWOS) | 3 Sets | -။- |
| ၁၆။ | Upgrading Equipment of Yangon (AWOS) Automated Weather Observing System | 1 Lot | -။- |
| ၁၇။ | CNS Annual Maintenance and Repair Services | 1 Lot | -။- |
| ၁။ | Spare parts for Selex Doppler VHF Omni-dirctional Radio Range /Distance Measuring Equipment (DVOR/ DME) | 1 Lot | နိုင်ငံခြားငွေ |
| ၂။ | Non-Directional Radio Beacon System | 2 Sets | -။- |
| ၃။ | VHF Transmitter & Receiver | 8 Sets | -။- |
| ၄။ | Sideband Antenna for Sittwe Airport DVOR/DME System | 1 Set | -။- |
| ၅။ | Instrument Landing System with Low Power DME | 1 Set | -။- |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား (၉-၅-၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး (၂၃-၅-၂၀၂၄)ရက်တွင် တင်ဒါအရောင်းပိတ်ပြီး (၂၉-၅-၂၀၂၅) ရက် ညနေ(၁၅:၀၀)နာရီတွင် တင်ဒါများ နောက်ဆုံးထား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်၊ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ် မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၁-၅၃၃၀၃၀၊ လိုင်းခွဲ ၅၀၆, ၀၉-၄၀၁၆၂၀၇၂၃ တို့သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ တောကွင်းရွာ၊ မဲဇလီကုန်းအုပ်စု၊ အင်္ဂပူမြို့နေ ဒေါ်ခိုင်ခိုင်မိုး (ဘ) ဦးခင်မောင်ဝင်း ၁၄/အဂပ(နိုင်) ၁၈၈၃၂၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၈၈၂၂၇၄၇**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ နယ်မြေ(၂)နေ မယဉ်ယဉ်မင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးကျော်ရင်ထွေး ၅/ယမပ (နိုင်)၀၃၄၀၆၈ ဖြစ်ပါကြောင်း။

**ဦးကျော်ရင်ထွေး**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် မြို့လှရပ်ကွက်နေ (ဘ) ဦးတင်အောင်ထွန်း ၏သား GCEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်ထီရဲအောင်ဆန်း၏ အမည်မှန်မှာ မောင်ဂျွန်သျှန်းအောင်ဆန်း ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/5563 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကင်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ်(၃၉/က)နေ ဒေါ်ငွေးငွေး၏သမီး မသက်သက်ခိုင် ၁၂/ရကန(နိုင်)၀၇၀၂၄၄ သည် မိဘပြောဆိုဆုံးမခြင်းကို နားမထောင်ပါ၍ မိခင်ဒေါ်ငွေးငွေးမှ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ဒေါ်ငွေးငွေး**
**၁၂/ရကန(နိုင်)၀၃၁၃၇၉**

## လုပ်ငန်းတံဆိပ်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၃ ရပ်ကွက်၊ ရွှေကမ္ဘာ အိမ်ရာ(၁)လမ်း၊ အမှတ် (ဘီ/၁၆)၊ အခန်း (၄၀၁)နေ ဒေါ်နေခြည်စိုးအောင် (ခ) တင်မိုးအောင် ၁၂/တမန(နိုင်)၀၇၃၆၅၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

(၂၈၁၈/၂၀၂၅)

အထက်တွင် ဖော်ပြထားသည့် လုပ်ငန်းတံဆိပ်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၃၁-၃-၂၀၂၅ ရက်တွင် မှတ်ပုံတင်စာချုပ်အမှတ် (၂၈၁၈/ ၂၀၂၅) ဖြင့် မိမိတစ်ဦးတည်း ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မှတ်ပုံတင်စာချုပ်အမှတ် (၂၈၁၈/၂၀၂၅)ဖြင့် အထက်ပါလုပ်ငန်းအမှတ်တံဆိပ်ကို ကော်ဖီဆိုင်၊ ကော်ဖီဘား၊ ကော်ဖီဆိုင်နှင့်ပတ်သက်သည့် အသုံးဆောင်ပစ္စည်းများ၊ ကော်ဖီခွက်များ၊ ကော်ဖီဘူးများ၊ ပါဆယ်အိတ်များနှင့် ဆိုင်ဝန်ထမ်းများ၏ ယူနီဖောင်းများ၊ ဦးထုပ်များနှင့်တကွ ပလတ်စတစ်အိတ်၊ လက်ဆွဲအိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူဘူး၊ စက္ကူသေတ္တာ၊ ဗီနိုင်းတို့အပေါ်တွင် ယင်းလုပ်ငန်းတံဆိပ်အမှတ်အသားကို ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ပြုလုပ်ပြီးလျှင် ၎င်းတို့၏ အပေါ်တွင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားဝင်ဖွင့်လှစ်လုပ်ကိုင် ဆောင်ရွက်အသုံးပြုသွားမည်ဖြစ်ပါသည်။

အထက်ပါ တံဆိပ်မှတ်အသားကိုတုပ၍လည်းကောင်း၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း၊ တစ်ခြားနည်းသွယ်ဝိုက်၍လည်းကောင်း သုံးစွဲပါက သုံးစွဲသူများအား တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးအေး (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၅၂)၊**
**အမှတ် (၅၆)၊ ပါရမီလမ်း၊ ၁၆ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၄၆၈၃၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၁၁၀ကေရှိ ဦးအေးကိုကိုအောင် (ခ) ဦးအောင်ခန့် ၁၀/မလမ(နိုင်)၁၂၆၆၄၃ (ဘ) ဦးအောင်ဖေ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၅၉၆)ကို နေပြည်တော်စာချုပ် စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၈၃/၂၀၂၃ (၁၄-၇-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူ ဒေါ်အိအိဝင်း ၇/ဒဥန(နိုင်)၁၆၈၉၉၇ (ဘ) ဦးသိန်းရွှေမှ ဒေါ်မာမာလွင် ၅/ခဥတ(နိုင်)၀၂၃၅၇၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ခေမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်(၇၂၁)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်သည် ဒေါ်တင်တင်ဝင်း (ဘ) ဦးလှငွေ ၉/မနမ(နိုင်)၀၆၆၇၀၄ အမည်ဖြင့် နှစ်(၆၀) မြေဌားဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အားအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသော ဒေါ်ခင်ခင်စိန် (ဘ) ဦးမောင်ရီ ၁၂/ရကန(နိုင်)၀၁၆၅၇၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေဖြိုး (ဘ) ဦးကျော်မင်း ၁၂/လမတ(နိုင်)၀၃၅၄၁၈ သည် အပြီးအပိုင်ဝယ်ယူရန် အတွက် အထက်ဖော်ပြပါအိမ်နှင့်မြေအား အရောင်းတန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ၂၀၂၅ခုနှစ် ဧပြီလ (၃၀)ရက်တွင် အရောင်းတန်ဖိုး၏ စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေကွက်အပေါ်တွင် ပိုင်ရေးဆိုခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ စ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်း များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဖြိုးအောင်မြင့် (LL.B DBL,DML)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇ /၂၀၁၆ )**
**အမှတ်(၂၄/ခ)၊ အနော်မာ (၁၉)လမ်း(အနောက်)၊ (၂/မြောက် )ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၁၆၁၂၈**

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်နေ (ဘ) ဦးဘုန်းလှိုင်၏သမီး ကျွန်မ ဒေါ်မြမြဝင်း ၁၂/အစန(နိုင်) ၀၉၈၅၃၉၏ ခင်ပွန်းဖြစ်သူ ရွာသူရပ်ကွက်နေ (ဘ) ဦးမြင့်လှိုင်၏ သား ဦးမျိုးဇော်ဦး ၁၂/အစန(နိုင်)၀၆၈၂၂၁ သည် နေအိမ်မှ ထွက်သွားပြီး ကျွန်မ ခွင့်မလွှတ်နိုင်သောအရာကို နည်းမျိုးမျိုးဖြင့် ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုမူဆောင်ရွက်ခြင်း တို့ကြောင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက် ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်မြမြဝင်း**
**၁၂/အစန(နိုင်)၀၉၈၅၃၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ ခနိတန်းအကွက်၊ ဦးပိုင်အမှတ်(၁၁-က)၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ ဒေါ်မြစီအမည်ဖြင့် မှတ်သား ထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ နှစ်ကျိပ်ရစ်ဆူလမ်း၊ အမှတ်(၁၂)နေ ဒေါ်ခင်မိုးဝင်းမှ ဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သား ပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ စ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များ နှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့၊ နွယ်ခွေကျေးရွာ အုပ်စု၊ ဂူကြီးကုန်းကျေးရွာ၊ ဒေါနလမ်း၊ ခြံအမှတ်(၇၊ ၈၊ ၉)၊ အကွက် အမှတ်(၂၆)ရှိ မြေအကျယ်အဝန်း (၂၀x၆၀)ပေမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ် ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဂျူးမေထူး ၁၂/အစန(နိုင်)၂၀၀၁၃၀ထံမှ ဒေါ်နော်ထက်ထက်နွေဦး ၃/ဘသဆ(နိုင်)၀၀၅၇၆၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူ အိမ်နှင့်ခြံမြေအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် ပြုလုပ်ချုပ်ဆို၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ် ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကြေညာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်ထက်ထက်နွေဦး**
**၃/ဘသဆ(နိုင်)၀၀၅၇၆၂**
**အမှတ်(၁၁၁၆)၊ ရွာမအလယ်ပိုင်းလမ်း၊ (၁)ရပ်ကွက်၊**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၇၈၆၆၀၈၄၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြံ့၊ နွယ်ခွေကျေးရွာ အုပ်စု၊ ဂူကြီးကုန်းကျေးရွာ၊ ဒေါနလမ်း၊ ခြံအမှတ်(၇၊ ၈၊ ၉)၊ အကွက် အမှတ်(၂၆)ရှိ မြေအကျယ်အဝန်း (၂၅x၆၀)ပေမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ် ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးဇော်ဦး ၁၂/မဂဒ(နိုင်)၁၆၄၉၁၀ ထံမှ ဒေါ်နော်ထက်ထက်နွေဦး ၃/ဘသဆ (နိုင်)၀၀၅၇၆၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူ ခြံမြေကွက် အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ် ပြုလုပ်ချုပ်ဆို၍ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကြေညာချက်ပါသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နော်ထက်ထက်နွေဦး**
**၃/ဘသဆ(နိုင်)၀၀၅၇၆၂**
**အမှတ်(၁၁၁၆)၊ ရွာမအလယ်ပိုင်းလမ်း၊ (၁)ရပ်ကွက်၊**
**မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း- ၀၉-၇၈၆၆၀၈၄၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇)၊ လူနေရပ်ကွက် အမှတ်- ဝေဘာဂီ၊ သပြေလမ်း၊ မြေကွက်အမှတ်- ၁၃၂ ဟုခေါ်တွင်သော ဦးရွှေအမည်ပေါက် နှစ်(၆၀) မြေငှားဂရန် ရရှိထားသော အကျယ်အဝန်း (၃၀ပေ x ၅၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (၁၅ပေ x ၅၀ပေ) ခေါင်းရင်းခြမ်း မြေကွက်ကို ဒေါ်မြင့်မြင့်ခင် ၁၄/ပသန(နိုင်) ၁၂၆၅၉၇ မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း တစ်စုံတစ်ရာကင်းရှင်း၍ ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆွေသက်မေ ၁၄/ဟသတ(နိုင်)၄၁၄၃၀၈ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆွေသက်မေ၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်တင်တင်လှိုင်**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် (၁၂၈၂၄)**
**အမှတ်(၅၈)၊ B-4 အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်**
**ဖုန်း-၀၉-၇၈၉၉၄၅၉၂၂**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၁)လမ်း၊ တိုက်အမှတ်(၄၁)၊ ဟောင်ကောင်တိုက်ခန်း(မြေညီ+ပထမထပ်) ယာဘက်ခြမ်း၊ အကျယ်အဝန်း(၁၂ ၁/၂ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်မှာ ဒေါ်သူဇာမိုး ၁၃/လရန(နိုင်)၀၅၃၅၄၃ ဖြစ်ပြီး တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း၊ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ အာမခံထားရှိခြင်း ကင်းရှင်းပါကြောင်း ဝန်ခံကတိပြုသောကြောင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အောဂတ်စတေလာ ၃/ဘအန(နိုင်)၂၁၄၃၅၅ မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်နှင်းအေး (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၃၃၈၇)**
**အမှတ် - ၁၀၄၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၉၅၇၃၇၂၉၉**

❖ **ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည် မှန်ပေသော်လည်း ပြည်သူလူထု တစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅ ) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် မေ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅ ) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တက်ရောက်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်**

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ (၁၉၄၁-၁၉၄၅) မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့် အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ ရုရှားစစ်သံမှူး Colonel Eduard Okladnikov နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❒



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



မန်ယူအသင်းမှ မေဆင်မောင့် ဘီလ်ဘာအိုအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

## မန်ယူက ဘီလ်ဘာအိုကို နိုင်ပြီး ယူရိုပါလိဂ် ဗိုလ်လုပွဲတက်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် မန်ယူနှင့် ဘီလ်ဘာအိုအသင်းပွဲစဉ်ကို အိုးထရက်ဖို့ဒ်ကွင်း၌ မေ ၉ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် မန်ယူအသင်းသည် နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-တစ်ဂိုးဖြင့် ဘီလ်ဘာအိုအသင်းကိုအနိုင်ရကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖


**ယနေ့ သတင်းအညွှန်း**

**ပုပ်ရဟန်းမင်းကြီးအသစ်အဖြစ် သမိုင်းတွင် ပထမဆုံး အမေရိကန်နိုင်ငံသားတစ်ဦးကို ရွေးချယ်**
နိုင်ငံတကာသတင်း စာ ၁၅

**ဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ကွန်ပျူတာနည်းပညာပစ္စည်းများ ပြပွဲ ခင်းကျင်းပြသမည်**
ပြည်တွင်းသတင်း စာ ၁၉